# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 26 August 2022 ၁၀၈၃၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### သတင်းထုတ်ပြန်ချက်

## ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ တုံ့ပြန်ချက်များအပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ပယ်ချ

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွေ့ရှိရသည်။ ယင်းကြေညာချက်များ၌ ပါရှိသည့်အချက်အလက်များသည် မှန်ကန်မှု မရှိ၊ တိကျမှုမရှိကြောင်း တွေ့ရပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်း၊ ဘက်လိုက်မှုရှိခြင်း၊ တစ်ဖက်သတ်ဆန်ခြင်း တွေ့ရသည်။

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် စတင်ပေါ်ပေါက်ခဲ့သည့်ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း (Security outposts) ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ☆

## International Army Games-2022 ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့က ပထမဆု သုံးဆု၊ ဒုတိယဆု တစ်ဆုနှင့် တတိယဆု လေးဆု ဆွတ်ခူးရရှိ

နေပြည်တော် ဩဂုတ် ၂၅

မြန်မာ့တပ်မတော် အနေဖြင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ဩဂုတ် ၁၅ ရက်မှ စတင်၍ ကျင်းပပြုလုပ်လျက် ရှိသည့် International Army Games-2022 ပြိုင်ပွဲတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်အတူ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ် စွမ်းရည်ပြိုင်ပွဲ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲအပြင် ဆက်စပ်ပြိုင်ပွဲ တစ်ရပ်ဖြစ်သည့် Army of Culture တွင်လည်း မြန်မာ့တပ်မတော် ကိုယ်စားပြု ရိုးရာယဉ်ကျေးမှု အဖွဲ့များ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




International Army Games-2022 ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်စဉ်။


**ယနေ့ ဖတ်စရာ**

**၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအတွက် နေပြည်တော် နည်းပညာတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်**

စာမျက်နှာ » ၅

**ကလိမ်စေ့ငြမ်းဆင်၊ ဘုရားပြီးငြမ်းဖျက် မဖြစ်စေလိုပါ**

ဆောင်းပါး စာမျက်နှာ » ၆

**စာပေဗိမာန် သုံးရတုနှင့် ကျွန်တော့်ပုံရိပ်များ**

ဆောင်းပါး စာမျက်နှာ » ၈





ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါ အလေးထားကာကွယ်

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ အချိန်ကာလအားဖြင့် နှစ်နှစ်ကျော် သုံးနှစ်နီးပါးကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ကြောက်မက်ဖွယ်ကူးစက်ရောဂါဆိုးကို တစ်ကမ္ဘာလုံးကြုံတွေ့ခံစားခဲ့ရာ ယနေ့အချိန်အထိ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့် ကူးစက်ခံခဲ့ရပြီး ဆက်လက်၍လည်း ကူးစက်မှုများရှိနေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် ကမ္ဘာ့ပြည်သူ သန်းနှင့်ချီ၍ သေဆုံးခဲ့ပြီး ရောဂါကြောင့် နောက်ဆက်တွဲခံစားမှုများကို အားလုံးကြုံတွေ့နေရသည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားခြင်းမရှိဘဲ မူလဇာစ်မြစ်မှတစ်ဆင့် ရောဂါမျိုးကွဲအဆင့်ဆင့် ပွားများဖြစ်ပေါ်လာကာ ကမ္ဘာ့နိုင်ငံများတွင် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါသည် ပထမလှိုင်း၊ ဒုတိယလှိုင်းဟူ၍ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ပေါ်လာပြီး တတိယလှိုင်းတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ပြည်သူများ အသေအပျောက်အများဆုံးဖြစ်ပေါ်ခဲ့သည်။ စတုတ္ထလှိုင်းတွင် ကိုဗစ်-၁၉ ရောဂါသည် ကူးစက်နှုန်းမြန်ဆန်သော ဗီဇမျိုးကွဲအသွင်ပျံ့နှံ့ခဲ့ပြီး နိုင်ငံများအနေဖြင့် အသေအပျောက်နည်းသောရောဂါကို အရှိန်အဟုန်မပျက်ကာကွယ်၊ ထိန်းချုပ်၊ ကုသလျက်ရှိသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၄ နာရီအတွင်း ပြည်သူ ၅၀ သေဆုံးခဲ့သည်ဟု သိရသည်။

ယခုကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း သေဆုံးသူအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းသည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပေ့ါပေ့ါဆဆမနေသင့်ဘဲ အထူးဂရုစိုက်၍ ကာကွယ်၊ ထိန်းချုပ်ရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူမရှိသလောက်ဖြစ်သော်လည်း ရောဂါကူးစက်ဖြစ်ပွားနှုန်းများ တစ်နေ့တခြားမြင့်မားလာသည်ကို သတိပြုရမည်ဖြစ်သည်။ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ သိသာစွာကျဆင်းခဲ့ပြီး ရောဂါပိုးစစ်ဆေးတွေ့ရှိမှုတစ်ရာခိုင်နှုန်းအောက် ရပ်တည်ခဲ့သော်လည်း ယခုကာလတွင် ဓာတ်ခွဲစစ်ဆေးအတည်ပြုလူနာသစ်မှာ ဩဂုတ်လ ၁၈ ရက်နေ့တွင် ၃၁ ဦး၊ ၁၉ ရက်နေ့တွင် ၃၂ ဦးရှိရာမှ ဩဂုတ်လ ၂၃ ရက်နေ့တွင် ၅၂ ဦးတွေ့ရှိပြီး ၂၄ ရက်နေ့တွင် ၆၃ ဦးအထိ တွေ့ရှိလာခဲ့သည်။

မြန်မာနိုင်ငံ၌ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ သေဆုံးသူမရှိသလောက်ဖြစ်သော်လည်း ကူးစက်မှုနှုန်းမြင့်မားလာသည်ကို သတိပြုရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ လာရောက်စစ်ဆေးခံသောပြည်သူများတွင် ဓာတ်ခွဲအတည်ပြုလူနာများအနက် သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာများအား ကိုဗစ် -၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်း၌ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုရှိနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ဖြစ်ပေါ်မှုအခြေအနေများကို ပြည်သူများအား အသိပေးထုတ်ပြန်ထားပြီးဖြစ်သည်။

ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသေဆုံးမှုအများဆုံးနိုင်ငံဖြစ်ပြီး ယခုကာလအထိ ရောဂါပိုးတွေ့သူ သန်း ၁၀၀ နီးပါးရှိ၍ သေဆုံးသူ တစ်သန်းကျော်ရှိပြီဖြစ်သည်။ ကြောက်မက်ဖွယ်ကိုဗစ်-၁၉ ရောဂါဗီဇမျိုးကွဲများကို ကာကွယ်ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ဆက်လက်ကူးစက်ဖြစ်ပွားနေစဉ်တွင် ကြောက်မက်ဖွယ် မျောက်ကျောက်ရောဂါကူးစက်မှုမှာ ကမ္ဘာ့နိုင်ငံများတွင် အများဆုံးဖြစ်နေသည်။ မြန်မာနိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားခြင်းမရှိသေးဘဲ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ယခုအခါ ပြန်လည်မြင့်တက်လာသည်။ ယခင်ကာလများက ကိုဗစ်-၁၉ ရောဂါပိုးတွေ့သူ ခြောက်သိန်းခန့်ရှိခဲ့ပြီး ရောဂါကြောင့် သေဆုံးသူ နှစ်သောင်းနီးပါးရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်၍ အသက် (၅)နှစ်နှင့်အထက် ပြည်သူအားလုံးအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရန်လိုအပ်သည့်အပြင် အသက် (၁၈) နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးသည့်ကာလ ခြောက်လပြည့်ပြီးသော ပြည်သူများအနေဖြင့်လည်း ထပ်ဆောင်းကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးကို ထပ်မံထိုးနှံကြပါရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လိုက်နာရမည့်အချက်များကိုလည်း မမေ့လျော့ရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၇,၀၀၀ | ၁၈၂ | ၁,၂၅၆,၉၀၀ |
| MTSH | ၂,၄၀၀ | ၂,၄၅၀ | ၆,၂၄၇ | ၁၅,၀၃၂,၁၅၀ |
| MCB | ၆,၈၀၀ | ၆,၈၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၅၀၀ | ၂,၃၅၀ | ၇၁၈ | ၁,၇၆၂,၃၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၄ | ၁၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၀၀.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၆.၆၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၆၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၉.၅၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၂၈၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၆.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၁၂.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၉.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၇.၄၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။



## တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

တတိယနေ့ ဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာစိစစ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁) ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး (၉)ကြိမ်မြောက် JICM ဆုံးဖြတ်ချက်ပါ ဆက်လက် ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား-၂)ကို ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကာ သဘောထားစုစည်းချက်များရယူပြီး တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ရပ်နားခဲ့သည်။ စတုတ္ထနေ့ဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



International Army Games-2022 ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်စဉ်။

❖ **International မှ**

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ဩဂုတ် ၁၅ ရက်မှ စတင်၍ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ပြိုင်ပွဲဝင် ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့ဆိုင်းဝိုင်းတီးခတ်မှု ပြိုင်ပွဲတွင် ပထမဆု၊ စုံတွဲအဆိုပြိုင်ပွဲ (ရှုရှားသီချင်း) ပထမဆု၊ အကပြိုင်ပွဲ (ခေတ် ၄ ခေတ်) အကတွင် တတိယဆု၊ တစ်ဦးချင်း အမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်အောင် အကောင်းဆုံး တင်ဆက်ပြသမှုတွင် တတိယဆု၊ Folk National Instrument တတိယဆု၊ ရိုးရာယဉ်ကျေးမှုပြခန်း တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးခြယ်မှု (People’s Choice Award)တွင်လည်း ပထမဆုကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

## စွမ်းဆောင်နိုင်ခဲ့

မြန်မာ့တပ်မတော် ကိုယ်စားပြု ရိုးရာယဉ်ကျေးမှု အဖွဲ့များအနေဖြင့် International Army Games ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲကို ၂၀၁၈ ခုနှစ်ကတည်းက နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် စုံတွဲအကအကောင်းဆုံးဆု၊ စုံတွဲအတီးအကောင်းဆုံးဆု၊ ရိုးရာဝတ်စုံအကောင်းဆုံး ဆုများကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အဆို၊ အက၊ အတီး အကောင်းဆုံးဆုများကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အက တတိယအကောင်းဆုံးဆု၊ ရုရှားသီချင်း သီဆိုဖျော်ဖြေမှု အကောင်းဆုံးဆုကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ရုရှားသီချင်းဖြင့် တစ်ဦးချင်း ဖျော်ဖြေတင်ဆက်မှုတွင် တတိယဆု၊ အကောင်းဆုံး ရိုးရာဝတ်စုံဖြင့် တင်ဆက်ပြသမှုတွင် ပထမဆုနှင့် People’s Choice Award တွင် ဒုတိယဆုများကို လည်းကောင်း အသီးသီးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာ့တပ်မတော် ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များအနေဖြင့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၊ သီချင်းများ၊ အက၊ အလှများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှု အက၊ အလှတို့ကို ကမ္ဘာကသိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် အပြစ်မဲ့ အရပ်သားများ သေဆုံးဒဏ်ရာရခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာမှုများဖြစ်ရန် ARSA အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ARSA ၏ အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ထွက်ခွာခဲ့သည့်ဦးရေ ဖော်ပြရာတွင်လည်း မမှန်မကန်ချဲ့ကားမှုများရှိသည်။ မြန်မာအစိုးရအနေဖြင့် ထွက်ခွာခဲ့သူများကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ စနစ်တကျ စိစစ်လက်ခံရေးကို နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာအစိုးရနှင့် ပြည်သူများသည် “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းကိုမူ အသိအမှတ်မပြု၊ လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင် မရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိပါ။ ယင်းအမည်သုံးစွဲသူများသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် သုံးစွဲနေကြောင်း တွေ့ရသည်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စနစ်တကျ စစ်ဆေးပြီး ကိုက်ညီသူများကို သင့်လျော်သည့် နိုင်ငံသားအဆင့်အတန်းအား လူမျိုးရေး၊ ဘာသာရေးခွဲခြားမှုမရှိဘဲ ပေးအပ်နေသည်။

၂၅-၈-၂၀၁၇ ဖြစ်ရပ်များနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့ ARSA ၏ လုပ်ရပ်ကို ဖုံးကွယ်ခြင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ၏အရေးကိစ္စကို လျစ်လျူရှုခြင်း၊ မြန်မာအစိုးရ၏ အပြုသဘောဆောင်ရွက်ချက်များကို အလေးမထားခြင်း၊ ဖိအားပေးဆက်ဆံရန် ရည်ရွယ်ချက်ဖြင့် မှန်ကန်မှုမရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်များသည် ဖြစ်ရပ်မှန်ကို အခြေခံခြင်းမရှိဘဲ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သည့်အတွက် ပြင်းထန်စွာပယ်ချ၍ ရှုတ်ချလိုက်ကြောင်း ကြေညာအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

# ရွေးကောက်ပွဲကျင်းပသည့်အခါ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့်တာဝန်များကိုသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အလေးအနက်ထား လေ့လာသင်ယူ



**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် ( ၅ / ၂၀၂၂ ) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေး (ရွာတော်) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက သင်တန်းသားများအနေဖြင့် ကော်မရှင်၊ ရွေးကောက်ပွဲတို့နှင့်ပတ်သက်ပြီး သိရှိထားရန်လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုသည်မှာ ရွေးကောက်ပွဲများကို တာဝန်ယူကြီးကြပ်ကျင်းပပေးရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ရမည့်တာဝန်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းထားပြီး အဓိကအားဖြင့် တာဝန်သုံးမျိုး တွေ့ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများကို ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးရန်နှင့် ရွေးကောက်ပွဲကန့်ကွက်လွှာများကို ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးရန်တို့ဖြစ်ကြောင်း၊ အဓိကအချက်မှာ ရွေးကောက်ပွဲကိုအောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွှတ်တော်ဖွဲ့စည်းမှုအနေဖြင့် လွှတ်တော် သုံးရပ်ရှိကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး လွှတ်တော်တစ်ရပ်ချင်းအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားကြောင်း၊ ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုရာတွင်လည်း နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဟူ၍ရှိကြောင်း၊ နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ရွေးချယ်ထားသောပုဂ္ဂိုလ်များဖြစ်ကြောင်း။

ရွေးကောက်ပွဲများကျင်းပရာတွင် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲဟူ၍ရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်များ သက်တမ်းတစ်ခုကုန်ဆုံးချိန်တွင် နောက်လွှတ်တော်များဖွဲ့စည်းနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန်အတွက် ကျင်းပပေးသော ရွေးကောက်ပွဲဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွင်းတွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာတွင် အစားထိုးတာဝန်ပေးနိုင်ရန်အတွက် ရွေးကောက်တင်မြှောက်သည့်ရွေးကောက်ပွဲ ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပရာတွင် ကာလအားဖြင့် အပိုင်းသုံးပိုင်းတွေ့ရှိမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်ခင် (အကြို) ကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန် (နှောင်းပိုင်း) ကာလတို့ဖြစ်ကြောင်း၊ ကာလအပိုင်းအခြားတစ်ခုတိုင်းတွင် လုပ်ငန်းစဉ်များစွာရှိပြီး ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား စက်ဝန်းတစ်ခုကဲ့သို့ စဉ်ဆက်မပြတ် ဆောင်ရွက်ရကြောင်း၊ သင်တန်းတွင် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်နိုင်ရန် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ဒုတိယဦးစီးမှူးဆိုသည်မှာ ဦးစီးအရာရှိများအား အဓိကအထောက်အကူပြုရသောသူများဖြစ်သည့်အတွက် ကိုယ်တိုင်သိရှိကျွမ်းကျင်မှသာ အပြည့်အဝအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ယူရသည့်အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ကော်မရှင်၏လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များသည် ချွတ်ချော်မှုများ ဖြစ်ခဲ့ပါက ကော်မရှင်၏သိက္ခာ၊ နိုင်ငံ၏သိက္ခာကို ထိခိုက်မည်ဖြစ်ကြောင်း၊ ချွတ်ချော်မှားယွင်းမှုမရှိစေရန် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်အခါ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့်တာဝန်များကိုသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အလေးအနက်ထား လေ့လာသင်ယူကြရန် မှာကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေကြာသီးနှံ စိုက်ပျိုးနိုင်ရေး အသိပညာပေး

**ထန်းတပင် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွှေဇာခြည်(ဘိုကလေး) ဆန်စပါးကုမ္ပဏီတို့ပူးပေါင်း၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြီး နေကြာသီးနှံစိုက်ပျိုးရေးတောင်သူအသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ရေဖြူကျေးရွာအုပ်စု ညောင်သုံးပင်ကျေးရွာရှိ ရွှေဇာခြည် (ဘိုကလေး) ဆန်စပါးကုမ္ပဏီ စပါးအခြောက်ခံ စက်ရုံခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက အသိပညာပေး ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ နေကြာသီးနှံစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေဇာခြည်(ဘိုကလေး) ဆန်စပါးကုမ္ပဏီဥက္ကဋ္ဌ ဦးသောင်းဝင်းက တောင်သူများနှင့် အကျိုးတူဆောင်ရွက်သွားမည့် အကြောင်းအရာများကို ဆွေးနွေးပြီး တက်ရောက်လာသည့် ဒေသခံများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## ကန်ကြီးထောင့်မြို့နယ်၌ ခေတ်မီစံပြကျေးရွာ စီမံကိန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ကန်ကြီးထောင့် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာအား စိုက်ပျိုးမွေးမြူရေး ခေတ်မီစံပြကျေးရွာအဖြစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သော လုပ်အားခပေးချေခြင်းစီမံကိန်း (Cash For Work) ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ဖြင့် ဆောင်ရွက်နေသည့် ရေမြောင်းနှင့် Box Culvert နှစ်စင်း ဆောင်ရွက်နေမှု အခြေအနေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုရာသို့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကန်ကြီးထောင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမြင့်အောင်နှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ Hybrid Format ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နေပြည်တော် ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ကလေးလုပ်သားဆိုင်ရာ စစ်တမ်းကောက်ယူခဲ့မှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခု၌ ကလေးလုပ်သားဆိုင်ရာ စစ်တမ်းကောက်ယူနေမှုနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စစ်တမ်းကောက်ယူရန်ကျန်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များစစ်တမ်းကောက်ယူနိုင်ရေး လုပ်ငန်းအချိန်ဇယားပြုစု၍ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီသို့ ပေးပို့ကြရေးတို့ကို ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စစ်တမ်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းကောက်ယူရေး လုပ်ငန်း ကော်မတီဝင်များက စစ်တမ်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်သူများအတွက် နေပြည်တော်နည်းပညာတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

နိုင်ငံတော်၏ လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် နိုင်ငံအကျိုးပြု အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာပညာရှင်များ လေ့ကျင့်မွေးထုတ်နိုင်ရန်ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်တွင် နေပြည်တော်နည်းပညာတက္ကသိုလ်ကို (၂၀၂၂-၂၀၂၃)ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အောက်ဖော်ပြပါ ဘွဲ့သင်တန်းများအား သင်ကြားပို့ချသွားမည်ဖြစ်သည်-

(၁) မြို့ပြအင်ဂျင်နီယာ
(၂) အီလက်ထရွန်းနစ်အင်ဂျင်နီယာ
(၃) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(၄) စက်မှုအင်ဂျင်နီယာ
(၅) ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ
(၆) ဗိသုကာ

အဆိုပါ ဘွဲ့သင်တန်းများအား ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်သူများမှ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ (၄)ဘာသာရမှတ်(အများ/အနည်း)ပေါ်မူတည်၍ ရွေးချယ်တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကျောင်းသားရေးရာဌာန၊ ၀၆၇-၃၄၀၄၅၇၀၊ ၀၆၇-၃၄၀၄၆၅၂၊ ၀၆၇-၃၄၀၄၆၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**



## ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဦးစွာ လိုဏ်ဂူတော်ကြီး၏ဓာတ်လှေကားအသစ်ပြောင်းလဲတပ်ဆင်နေမှု၊ လေအေးပေးစက် Compressor အသစ်များ လဲလှယ်တပ်ဆင်နေမှု၊ အသံထိန်းနံရံပြင်ဆင်မှု၊ Wiring Line ပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်ခံ့ရေး၊ ရေးမူမပျက်ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကမ္ဘာအေးကုန်းမြေရှိသာသနာရေးဦးစီးဌာန ဆဋ္ဌသင်္ဂါယနာတင်မော်ကွန်းပြတိုက်ကြီး ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ သမိုင်းဝင်အဆောက်အအုံဖြစ်သည့်အတွက် ရှေးဟောင်းလက်ရာ ပန်းချီပန်းပုများ ပျက်စီးမှုမရှိစေရေး၊ အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရုံးခွဲ) အဆောက်အအုံ ပြုပြင်မွမ်းမံဆောင်ရွက်မှုနှင့် ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ စက္ကူဂိုဒေါင်များ ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စနစ်တကျနှင့် အချိန်မီပြီးစီးရေး၊ ပျက်စီးဆုံးရှုံးမှုများမရှိစေရေး၊ အရည်အသွေးကောင်းမွန်သော သတ်မှတ်ပစ္စည်းများ သုံးစွဲဆောင်ရွက်ရေးတို့ကို အလေးထားဂရုပြုဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူကုန်ကူးမှုများနှင့်သက်ဆိုင်သည့် ကုလသမဂ္ဂကွန်ဗင်းရှင်းများနှင့် အထူးဥပဒေများဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

လူကုန်ကူးမှုများနှင့် သက်ဆိုင်သည့် ကုလသမဂ္ဂကွန်ဗင်းရှင်းများနှင့် အထူးဥပဒေများဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူကုန်ကူးမှုသည် လူ့အသိုက်အဝန်းအတွင်း လက်မခံနိုင်သည့် ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများကို တိုက်ရိုက်အကူအညီပေးနေသည့် လူမှုဝန်ထမ်းသမားများအနေဖြင့် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် ကွန်ဗင်းရှင်းများနှင့် စာချုပ်များတွင် ဖော်ပြပါရှိသည့် လူကုန်ကူးခံရသူများ၏ အခွင့်အရေး၊ လိုက်နာရမည့် အခြေခံမူများ၊ စာချုပ်ပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ သိရှိနားလည်မှသာ အခွင့်အရေးအခြေပြု၊ လူကုန်ကူးခံရသူဗဟိုပြုနည်းလမ်းများဖြင့် လူကုန်ကူးခံရသူ အမျိုးသား၊ အမျိုးသမီး၊ ကလေးများ၏အကောင်းဆုံး အကျိုးစီးပွားကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ရရှိခဲ့သည့် ဗဟုသုတများကို သေချာစွာလေ့လာမှတ်သားပြီး မိမိတို့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

### သုံးရက်တာပို့ချသွားမည်

သင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူများက သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး သင်တန်းသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသား သင်တန်းသူ ၅၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ညောင်လေးပင်မြို့နယ်၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲ ကျင်းပ

**ညောင်လေးပင် ဩဂုတ် ၂၅**

ညောင်လေးပင်မြို့နယ်ရှိ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၂၅ ရက်က ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခြင်း၊ ၂၀၂၃ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရန်ကိစ္စများ၊ ညောင်လေးပင် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ညောင်လေးပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက ဌာနဆိုင်ရာခရိုင်ရုံးများ တည်ဆောက်နိုင်ရေးအတွက် မြေနေရာလျာထားမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။




### ကြည့်ရှုစစ်ဆေး

ယင်းနောက် စီးပွားရေးရာဝန်ကြီးသည် နံနက်ပိုင်းတွင် ပြွန်တန်ဆာမြို့၌ ကန်သာယာ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ ကျူးကျော်ဈေးဆိုင်များ ရှင်းလင်းထားမှု၊ ပျံကျဈေးသည်များ နေရာချထားပေးမှုများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ညောင်လေးပင်မြို့အတွင်း ကွန်ကရစ်လမ်းခင်းနေမှု၊ မြို့မဈေးအတွင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပြွန်တန်ဆာမြို့ ကန်သာယာလမ်းနှင့် အထက(၂) ညောင်လေးပင်ကျောင်းတို့တွင်အားကစားပစ္စည်းများ ဖြည့်စွက်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

❒

# ကလိမ်စေ့ငြမ်းဆင်၊ ဘုရားပြီးငြမ်းဖျက် မဖြစ်စေလိုပါ

မိုးမြင့်

ပကတိဖြစ်ရပ်မှန်တွေနဲ့ဝေးကွာပြီးမှ တရားမဝင် သတင်းအချက်အလက်အမှားတွေအပေါ်မှာ အခြေခံပြီး ချဉ်းကပ်တောင်းဆိုမှုမျိုး၊ တွေ့ဆုံဆွေးနွေးမှုမျိုးတွေဟာ ပြီးပြည့်စုံတဲ့အဖြေမှန်ရဖို့ ခဲယဉ်းနိုင်ပါတယ်၊ အပြုသဘောရလဒ်ကောင်းတွေ ထွက်ပေါ်ဖို့လည်း အလှမ်းကွာဝေးနိုင်ပါတယ်ဆိုတဲ့ သဘောတရားတစ်ခုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် စင်ကာပူနိုင်ငံသူ လူမှုဗေဒပညာရှင် မစ္စနိုလင်းဟေဇာရဲ့ ခရီးစဉ်က သာဓကဆောင်ခဲ့ပြန်ပါပြီ။

### ရေရှည်လက်တွဲဆောင်ရွက်ဖို့အရေး မထိခိုက်စေလိုပါ

အမှန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ မစ္စနိုလင်းဟေဇာတို့ တွေ့ဆုံဆွေးနွေးစဉ်မှာကတည်းကိုက မြန်မာနိုင်ငံနဲ့ UN အကြားမှာ ရေရှည်လက်တွဲဆောင်ရွက်ကြဖို့၊ သတင်းရလဒ်တွေနဲ့ ပတ်သက်လာရင် နှစ်ဖက်ထိန်းထိန်းသိမ်းသိမ်း ထုတ်ပြန်ဆောင်ရွက်ကြဖို့ သဘောတူကြပြီးသားပါ။ မြန်မာနိုင်ငံအရေးက အကဲဆတ်တယ်ဆိုတာ မြန်မာနိုင်ငံအရေး ကြားဝင်လိုသူတိုင်းသိဖို့ လိုပါတယ်။ နိုင်ငံတကာကရော မြန်မာပြည်သူတွေကပါ အထင်အမြင်လွဲမှားခံလို့ မရပါဘူး။

ဒီအချက်ကို မစ္စနိုလင်းဟေဇာတစ်ယောက် ကောင်းကောင်းသဘောပေါက်ပုံ မရတာလား၊ တမင်တကာပဲ အဖျက်သဘောဆောင်တာလားမသိ၊ မြန်မာနိုင်ငံရဲ့ မျက်ကွယ်ရောက်တာနဲ့ ထင်ရာမြင်ရာ အစွဲတွေနဲ့ တစ်ဖက်သတ်ထုတ်ပြန်ချက်တွေ ထုတ်ပြန်ပါလေရော။ ဒါကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့က နိုင်ငံတကာနဲ့ ပြည်သူတွေ အထင်အမြင်မမှားအောင် အပြုသဘောပြန်လည်ပြီး ချက်ချင်းတုံ့ပြန်သတင်းထုတ်ပြန်ခဲ့ရတာကို တွေ့မြင်ရပါတော့တယ်။

ကျွန်တော် မှတ်မိသလောက်တော့ မြန်မာ့အရေးနဲ့ပတ်သက်ပြီး လာရောက်ခဲ့ကြတဲ့ ကုလ၊ လူ့အခွင့်အရေး၊ အာဆီယံ စသဖြင့်ခေါင်းစဉ်အမျိုးမျိုးနဲ့ ကိုယ်စားလှယ်အများစုဟာ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး သဘောထားလွဲမှားထုတ်ပြန်လေ့ရှိကြတာကို အကြိမ်ကြိမ်သတိထားမိပါတယ်။ အခုတစ်ကြိမ်မှာလည်း ထိုနည်းလည်းကောင်းပါပဲ။ တကယ်တော့လည်း မစ္စနိုလင်းဟေဇာဟာ ၂၀၀၀ ပြည့်နှစ်ကတည်းက မြန်မာနိုင်ငံနဲ့ စိမ်းခဲ့တာ မဟုတ်ပါဘူး၊ ရင်းနှီးကျွမ်းဝင်တဲ့သဘောအထိတောင် သတ်မှတ်ထားကြလို့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအခက်အခဲတွေအတွက် မြန်မာပြည်သူတွေအနေနဲ့ မျှော်လင့်ချက်တချို့ သူ့အပေါ်မှာ ရှိခဲ့ကြမှာ အမှန်ပါပဲ။

### အခြေအနေမှန်ကို နှိုင်းယှဉ်လေ့လာသုံးသပ်သင့်

သို့ပေမဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို ကောင်းစွာသိရှိနားလည်ခြင်းမရှိသေးတဲ့ UN နဲ့ UN ကိုယ်စားလှယ်အနေနဲ့ မြန်မာနိုင်ငံရဲ့ တည်ငြိမ်မှုအနေအထားကို ကမ္ဘာ့နိုင်ငံအချို့နဲ့ နှိုင်းယှဉ်ပြီး လေ့လာသုံးသပ်ထားသင့်တယ်လို့ ယူဆမိပါတယ်။ ရန်ကုန်ကနေ နေပြည်တော်အထိ ရောက်ရှိလာတဲ့ မြေပြင်အခြေအနေနဲ့တကွ သူတို့ယခင်သိရှိထားတဲ့ အခြေအနေတွေကို နှိုင်းယှဉ်နိုင်ရပါမယ်။ မျက်မှောက်ကာလကမ္ဘာကြီးဟာ လုံးဝမငြိမ်းချမ်းပါဘူး။ စစ်မက်တွေ၊ ရောဂါထူပြောမှုတွေ၊ အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုတွေ၊ ဗုံးကွဲမှုတွေ၊ အငတ်ဘေးတွေ အများကြီးရင်ဆိုင်နေရပါတယ်။

ကိုယ့်နိုင်ငံအတွင်းမှာလည်း စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ မရှိတာမဟုတ်ပါဘူး၊ ရှိပါတယ်။ ဒါပေမဲ့ လက်ရှိကိုဗစ်အခြေအနေကအစ နှိုင်းယှဉ်ပြီး သုံးသပ်ရမယ့်အနေအထား များစွာရှိနေပါသေးတယ်။ ဒါကို ထပ်တလဲလဲ အခြားသော ဆိုးဆိုးရွားရွား နိုင်ငံတွေထက် မိမိနိုင်ငံကိုမှ ပိုပြီးစိုးရိမ်ပူပန်ပြနေတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ မိမိတို့နားလည်လို့မရဘူးဆိုရင် ဒါကိုလွန်တယ်လို့ကို ပြောလို့မရပါဘူး။

### လူ့အခွင့်အရေး အခြေခံအချက်များကိုလည်း မမေ့သင့်ပါ

ထို့ပြင် အပြစ်မဲ့ပြည်သူ ၃၅၀၀ ခန့်ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ရာမှာ ပါဝင်ပတ်သက်ခဲ့တဲ့ အကြမ်းဖက်သမားတွေကို ထိုက်သင့်ပြင်းထန်တဲ့ ပြစ်ဒဏ်တွေ ချမှတ်စီရင်တဲ့ကိစ္စနဲ့ ကြီးလေးတဲ့ အမှုတွေကျူးလွန်လို့ ပြစ်ဒဏ်ကျခံထားရတဲ့သူတွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုချက်တွေအပေါ်မှာတော့ ပြစ်ဒဏ်တွေကို အတတ်နိုင်ဆုံး လျှော့ပေါ့ပေးထားပြီး မစ္စနိုလင်းဟေဇာအနေနဲ့ မိမိမိသားစု၊ မိမိဆွေမျိုးသားချင်းတွေ ဖြစ်ခဲ့ရင်ရောဆိုတဲ့ ကိုယ်ချင်းစာ စာနာသနားတတ်ဖို့နဲ့ နှစ်သိမ့်တတ်ဖို့ လိုအပ်ကြောင်းကို ဝန်ကြီးချုပ်ဘက်က အမြင်သာဆုံးထောက်ပြပေးခဲ့တာ တွေ့ရပါတယ်။

လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုကို အမွှမ်းတင်အလေးထားသူတွေအနေနဲ့ လူတိုင်းမှာ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်ပေးဖို့နဲ့ လုံခြုံခွင့်ရဖို့၊ မည်သူ့ကိုမှ မညှဉ်းပန်းမနှိပ်စက်ဖို့၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်မလုပ်ဖို့ စတဲ့လူ့အခွင့်အရေး အခြေခံအချက်တွေလောက်တော့ မမေ့သင့်ဘူးလို့ ယူဆမိပါတယ်။

### ပညာရှင်ဆန်ဆန်သုံးသပ်ဆင်ခြင်စေလို

ကိုယ်စားလှယ်ကြီး နောက်ထပ်မှားယွင်းစွာ အသိအမှတ်ပြုနေတဲ့ကိစ္စတွေ ရှိနေပါသေးတယ်။ "မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေကို နှစ်ဖက်စလုံးက လုပ်နေကြတယ်၊ နေရာဒေသအချို့မှာ ဗုံးကြဲတိုက်ခိုက်မှုတွေရှိနေတယ်၊ ပြည်သူတွေနေတဲ့ နေအိမ်တွေကို မီးရှို့ဖျက်ဆီးတယ်"ဆိုတဲ့ စွပ်စွဲချက်တွေပါပဲ။

စကားလုံးတွေကို သတိထားကြည့်ရင် ဗုံးကြဲတယ်ဆိုတာမှာတော့ အကြမ်းဖက်တွေကိုသာ တိုက်ခိုက်တာကို ထည့်မပြောဘဲ မီးရှို့ခံရာမှာတော့ ပြည်သူတွေဆိုတဲ့ အသုံးအနှုန်းသုံးထားတာ တွေ့ရပါလိမ့်မယ်။ သူတို့ကိုယ်တိုင်နားလည်မှု လွဲနေတယ်ဆိုတာ အထင်အရှားပါပဲ။ ပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ်ရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးကို

> **အခုတစ်ကြိမ် တွေ့ဆုံဆွေးနွေးမှုမှာတော့ ကိုယ်စားလှယ် မစ္စနိုလင်းဟေဇာရဲ့ အပြုသဘောအဆိုပြုချက်တွေနဲ့ အကောင်းမြင်ပြောဆိုမှုအချို့အပါအဝင် မြန်မာနိုင်ငံဘက်က တုံ့ပြန်ဆွေးနွေးမှုတွေအပေါ် အားရကျေနပ်မိပါတယ်။ တစ်ဖက်သတ်အထင်အမြင်သေးနေတဲ့ နိုင်ငံတွေအပေါ်မှာ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဆိုတာ ထင်ထင်ရှားရှားပြသနိုင်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံပြင်ပရောက်မှ လိုရာဆွဲယူ တစ်ဖက်သတ် ထုတ်ပြန်ချက်အပေါ်မှာ ဆွေးနွေးခဲ့တဲ့ အချက်အလက်အသေးစိတ်ကို အချိန်မဆိုင်း ချက်ချင်း ထုတ်ပြန်နိုင်ခဲ့တာမျိုးက ဂုဏ်ယူစရာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဆွေးနွေးချက်တွေဟာ ပိုပြီးပွင့်လင်းမြင်သာမှု ရှိခဲ့တယ်လို့လည်း သုံးသပ်နိုင်ပါတယ်**

အဆက်မပြတ်ဖိတ်ခေါ်နေတဲ့ တပ်မတော်ဟာ ကိုယ့်ဆီလာမတိုက်ဘဲနဲ့တော့ အကြောင်းမဲ့ တိုက်ခိုက်မှာ မဟုတ်ဘူး၊ ကိုယ်တာဝန်ခံထားရတဲ့ ကိုယ့်ပြည်သူတွေအပေါ်မှာ ရေဘေး၊ လေဘေးက အစ ဒုက္ခကြုံတိုင်းမှာ မားမားမတ်မတ် ပြည်သူ့ဘက်က ရပ်တည်ကူညီကယ်ဆယ်ပေးနေတဲ့ အဖွဲ့အစည်းတွေဟာ ကိုယ့်ပြည်သူတွေ ဒုက္ခဆင်းရဲရောက်အောင် သူတို့နေထိုင်ရာအိမ်တွေကို မီးရှို့ဖျက်ဆီးတယ်ဆိုတဲ့အချက်ဟာ ဖြစ်နိုင်/ မဖြစ်နိုင် ပညာရှင်ဆန်ဆန် သုံးသပ်ဆင်ခြင်စေလိုပါတယ်။

သုံးသပ်ရရင်တော့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီး ကြားဝင်ဝင်ရောက်လာတဲ့ ကိုယ်စားလှယ်တိုင်းဟာ မြန်မာနိုင်ငံအရေးအရာတွေအပေါ်မှာ ကောင်းကောင်းနားလည်ပုံ မရကြပါဘူး။ လာကတည်းကလည်း အရိပ်မည်းကြီးတွေအောက်မှာ ရည်ရွယ်ချက်က မှန်ကန်ပုံမရပါဘူး။ ပြဿနာကို အဖြေရှာဖြေရှင်းဖို့ထက် ကိုယ်လိုရာဆွဲပြီး ပြဿနာကို ပိုကျယ်ပြန့်သွားအောင် ရည်ရွယ်ထားသလားအထိ တွေးမိပါတယ်။ မြန်မာပြည်သူအားလုံးကို ကိုယ်စားပြုဖို့ထက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်မှာပဲ တွေ့ခွင့်ရမယ်ဆိုရင် မြန်မာနိုင်ငံ အကျပ်အတည်းတွေ ပြေလည်သွားတော့မယောင်ယောင် နိုင်ငံရေးအကျဉ်းသားဆိုတာဘယ်လို၊ အကြမ်းဖက်သမားဆိုတာဘယ်လိုဆိုတာ သိသိကြီးနဲ့လည်း မမြင်ချင်ယောင်၊ မသိချင်ယောင်ဆောင်နေမှတော့ ပြေလည်ရေးလမ်းစဆိုတာ ရှာနိုင်ဖို့ခက်နေဦးမှာ ဖြစ်ပါတယ်။

အခုတစ်ကြိမ် တွေ့ဆုံဆွေးနွေးမှုမှာတော့ ကိုယ်စားလှယ် မစ္စနိုလင်းဟေဇာရဲ့ အပြုသဘောအဆိုပြုချက်တွေနဲ့ အကောင်းမြင်ပြောဆိုမှုအချို့ အပါအဝင် မြန်မာနိုင်ငံဘက်က တုံ့ပြန်ဆွေးနွေးမှုတွေအပေါ် အားရကျေနပ်မိပါတယ်။ တစ်ဖက်သတ် အထင်အမြင်သေးနေတဲ့ နိုင်ငံတွေအပေါ်မှာ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဆိုတာ ထင်ထင်ရှားရှားပြသနိုင်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံပြင်ပရောက်မှ လိုရာဆွဲယူ တစ်ဖက်သတ် ထုတ်ပြန်ချက်အပေါ်မှာ ဆွေးနွေးခဲ့တဲ့ အချက်အလက် အသေးစိတ်ကို အချိန်မဆိုင်း ချက်ချင်းထုတ်ပြန်နိုင်ခဲ့တာမျိုးက ဂုဏ်ယူစရာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဆွေးနွေးချက်တွေဟာ ပိုပြီးပွင့်လင်းမြင်သာမှု ရှိခဲ့တယ်လို့လည်း သုံးသပ်နိုင်ပါတယ်။

ဆွေးနွေးချက်တွေအားလုံးဟာ အကူအညီလုံးဝသို့မဟုတ် ဘာမှမည်မည်ရရမပေးရဘဲ ဖိအားချည်းသာပေးနေတဲ့ UN အနေနဲ့ရော၊ အာဆီယံအနေနဲ့ပါ အလေးအနက်ထားရမယ့် ကိစ္စရပ်တွေဖြစ်နေတာကို သတိပြုရမှာဖြစ်ပါတယ်။ မိမိနိုင်ငံအပေါ် အကောင်းမမြင်နိုင်တဲ့ နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေတွေအပေါ် "ဘာတွေကိုတော့ မသိဘူး၊ မမြင်ဘူး၊ ဘာတွေကိုတော့ မသိချင်ယောင် ၊ မမြင်ချင်ယောင်ဆောင်နေတယ်"၊ "ဘယ်သူတွေကတော့ ဥပဒေအတိုင်းဆောင်ရွက်နေတယ်၊ ဘယ်သူတွေကတော့ ဥပဒေအတိုင်း မဆောင်ရွက်ခဲ့လို့ ယခုလိုအခြေအနေမျိုးရောက်နေရတယ်"စသဖြင့် မြန်မာဘက်က ပွင့်ပွင့်လင်းလင်း ထောက်ပြနိုင်ခဲ့တာကို တွေ့ရပါတယ်။

စာမျက်နှာ ၇ သို့ ■

> **စကားလုံးတွေကို သတိထားကြည့်ရင် ဗုံးကြဲတယ်ဆိုတာမှာတော့ အကြမ်းဖက်တွေကိုသာ တိုက်ခိုက်တာကို ထည့်မပြောဘဲ မီးရှို့ခံရာမှာတော့ ပြည်သူတွေဆိုတဲ့ အသုံးအနှုန်းသုံးထားတာ တွေ့ရပါလိမ့်မယ်။ သူတို့ကိုယ်တိုင်နားလည်မှုလွဲနေတယ်ဆိုတာ အထင်အရှားပါပဲ။ ပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ်ရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးကို အဆက်မပြတ်ဖိတ်ခေါ်နေတဲ့ တပ်မတော်ဟာ ကိုယ့်ဆီလာမတိုက်ဘဲနဲ့တော့ အကြောင်းမဲ့တိုက်ခိုက်မှာမဟုတ်ဘူး၊ ကိုယ်တာဝန်ခံထားရတဲ့ ကိုယ့်ပြည်သူတွေအပေါ်မှာ ရေဘေး၊ လေဘေးကအစ ဒုက္ခကြုံတိုင်းမှာ မားမားမတ်မတ် ပြည်သူ့ဘက်က ရပ်တည်ကူညီကယ်ဆယ်ပေးနေတဲ့ အဖွဲ့အစည်းတွေဟာ ကိုယ့်ပြည်သူတွေ ဒုက္ခဆင်းရဲရောက်အောင် သူတို့နေထိုင်ရာအိမ်တွေကို မီးရှို့ဖျက်ဆီးတယ်ဆိုတဲ့အချက်ဟာ ဖြစ်နိုင် / မဖြစ်နိုင် ပညာရှင်ဆန်ဆန် သုံးသပ်ဆင်ခြင်စေလိုပါတယ်**

# (၁၆)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (16th ASEAN Navy Chiefs' Meeting–16th ANCM) သို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



(၁၆)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (16th ASEAN Navy Chiefs' Meeting–16th ANCM) ကျင်းပစဉ်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၁၆)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးတက်ရောက်ခြင်းနှင့် အာဆီယံရေတပ်ဦးစီးချုပ်များအား နှစ်နိုင်ငံရေတပ်တွေ့ဆုံခြင်း(Bilateral Call)များ ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုနိုင်ငံမှ ဒုတိယကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရေတပ်ဦးစီးချုပ်များ အစည်းအဝေးတွင် သဘာပတိဖြစ်သူ အင်ဒိုနီးရှားနိုင်ငံရေတပ်ဦးစီးချုပ် Admiral Yudo Margono က (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပေးပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ယခင်နှစ် (၁၅)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးမှတ်တမ်းကို အတည်ပြုသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲ အတွင်းဝန်က ဒေသတွင်း ပင်လယ်ရေကြောင်း လုံခြုံရေးအခြေအနေများကို အကျဉ်းချုပ် တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံရေတပ်ဦးစီးချုပ်များက "The Roles of ASEAN Navies in Addressing Maritime Challenges" (ပင်လယ်ရေကြောင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အာဆီယံရေတပ်များ၏ အခန်းကဏ္ဍ) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ဒေသတွင်းပင်လယ်ရေကြောင်း စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းခြင်းဖြင့် လုံခြုံစိတ်ချတည်ငြိမ်သော ရေကြောင်းနယ်ပယ် တည်ဆောက်နိုင်မှုများ၊ တပ်မတော်(ရေ)၏ စွမ်းဆောင်ရည်မြှင့်တင်မှုကို လေ့ကျင့်ရေးဖြင့် ဦးတည်ဆောင်ရွက်နေမှုများ၊ အာဆီယံရေတပ်များ ကျင့်သုံးရမည့် Team Work ၏ အရေးပါမှုကို ဆွေးနွေးခဲ့ပြီး အာဆီယံရေတပ်ဦးစီးချုပ်များက ရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားကြရန်နှင့် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာများကို ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အာဆီယံရေတပ်လေ့ကျင့်ရေးဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေး အစီအစဉ်အတွက် ဆွေးနွေးမှုများကို ဆောင်ရွက်ကြပြီး ၂၀၂၃ ခုနှစ်အတွင်း ပြုလုပ်မည့် ရေတပ်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများ၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ကာကွယ်ရေးပစ္စည်းပြပွဲနှင့် ရေတပ်အချင်းချင်း တွေ့ဆုံဆွေးနွေးရေးအစီအစဉ်များနှင့် ပတ်သက်၍ ဖိတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သဘာပတိ အင်ဒိုနီးရှားရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အင်ဒိုနီးရှားရေတပ်ဦးစီးချုပ်၊ ဗီယက်နမ်ရေတပ်ဦးစီးချုပ်၊ ထိုင်းရေတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယားရေတပ် ဦးစီးချုပ်နှင့် လာအိုကြည်းတပ်ဒုတိယဦးစီးချုပ်တို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## မြောင်းမြမြို့နယ် သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်

မြောင်းမြ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တို့အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်ပြီး အမှုဆောင်သစ်များက ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

■ စာမျက်နှာ ၆ မှ

အနောက်နိုင်ငံတွေက ကမ္ဘာ့နိုင်ငံရေးမှာ ကျင့်သုံးနေတဲ့ double standard စံနှုန်း နှစ်မျိုးမူဝါဒမျိုး ကုလအထူးကိုယ်စားလှယ်ရဲ့ ဆွေးနွေးချက်တွေမှာ မကြာခဏတွေ့ရပါတယ်။ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်လို့ တစ်ဖက်က အသိအမှတ်ပြုပြောကြားနေပေမယ့်အခြားတစ်ဖက်မှာတော့ ဝင်ရောက်စွက်ဖက်တဲ့သဘောမျိုးပြုမူနေတာတွေ၊ အကျပ်ကိုင် ဖိအားပေးခြင်းမျိုးဆန်ဆန် တောင်းဆိုချက်တွေနဲ့အတူ လိုက်လျောမက်လုံးပေးခြင်းမျိုးတွေက ဥပမာဖြစ်ပါတယ်။

**တကယ်တော့ မြန်မာနိုင်ငံကို ဖိအားပေးတဲ့နည်းဗျူဟာက အလုပ်မဖြစ်ပါဘူး၊ တစ်ဖက်က အပြုသဘောဆွေးနွေးချက်တွေအပေါ်မှာ ဈေးဆစ်ရခက်တဲ့တောင်းဆိုမှုတွေနဲ့သာဆိုရင် ကုလသမဂ္ဂရဲ့ လိုလားချက်ဖြစ်တဲ့ အကြမ်းဖက်မှုတားဆီးရေး၊ နောက်ထပ် ပဋိပက္ခတွေ ထပ်မဖြစ်ရေးဆိုတဲ့ ငြိမ်းချမ်းရေးပန်းတိုင်နဲ့ အလှမ်းဝေးသွားနိုင်တယ်ဆိုတာ သတိချပ်ဖို့လည်းလိုပါတယ်**

သတင်းထုတ်ပြန်ကြေညာချက်အရ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပြန်လည်ဆွေးနွေးချက်တွေကို လေ့လာရင် ထိထိမိမိနဲ့ ထိန်းထိန်းသိမ်းသိမ်းရှင်းပြသွားတာ သတိထားမိပါတယ်။ မြန်မာပြည်သူတွေအနေနဲ့လည်း အခုထက်ပိုပြီး ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း သိနားလည်ထားသင့်ပါတယ်။ ဥပမာ- အကြမ်းဖက်မှုတွေအတွက် သေဒဏ်ပေးတဲ့ကိစ္စ၊ ဖမ်းမိချိန်မှာ လက်နက်ခဲယမ်းအမြောက်အမြားနဲ့ လူမဆန်စွာ သတ်ဖြတ်ထားတဲ့ အထောက်အထားတွေ၊ ကိုယ်တိုင်ဝန်ခံချက်တွေအရ ထိုအချက်တွေဟာ အဘယ်သို့သော ယဉ်ကျေးတဲ့လူ့အသိုင်းအဝိုင်းကမှ လက်ခံလို့မရတဲ့ကိစ္စမျိုးတွေဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

နောက်ဆွေးနွေးချက် အတော်များများမှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပြန်လည်ဆွေးနွေးချက်တွေကို မစ္စနိုလင်းဟေဇာအနေနဲ့ ပြန်လည်ချေပတာမျိုး၊ ပြန်လည်ဆွေးနွေး တုံ့ပြန်တာမျိုး များများစားစားမတွေ့ခဲ့ရပါဘူး။ ဥပမာ- မြန်မာနိုင်ငံမှာ ကိုဗစ်ကပ်နဲ့ မြန်မာပြည်သူတွေ အကြီးအကျယ်ဒုက္ခရောက်ချိန်မှာ " ဆင်းရဲချမ်းသာမရွေး ခွဲခြားမှုမရှိ၊ မည်သူမှ မကျန်စေရ" ဆိုတဲ့ ကြွေးကြော်မှုကို လျစ်လျူရှုပြီး UN နဲ့ WHO က မြန်မာပြည်သူတွေအပေါ် ဘာတစ်ခုမှ အကူအညီမပေးခဲ့ပါဘူးဆိုတဲ့ ဆွေးနွေးချက်အပေါ်မှာ သူ့အနေနဲ့ ပြန်လည်ဆွေးနွေးတာမျိုးမရှိခဲ့ခြင်းက UN ကိုယ်စား သွယ်ဝိုက်ဝန်ခံခြင်းတစ်မျိုးလားဟု ထင်မြင်စရာရှိပါတယ်။ တစ်ဆက်တည်း ကိုဗစ်အကူအညီနဲ့ ဆက်စပ်ပြီး အကျိုးလိုလားသူနဲ့ မလိုလားသူ၊ မိတ်ဆွေအစစ်နဲ့ မိတ်ဆွေမပီသသူ ခွဲခြားပြီး နိုင်ငံတကာနဲ့ မြန်မာပြည်သူတွေအပေါ်မှာ ရှင်းလင်းပြခွင့်ကိုလည်း ရယူခဲ့ပါသေးတယ်။

အရေးကြီးဆုံးက မြန်မာပြည်သူတွေဟာ ပြည်ပက ဘယ်လိုဖိအားပေးမှုမျိုးမှ လက်မခံဘူးဆိုတဲ့အချက်ပါပဲ။ သို့ပေမဲ့ တောင်းဆိုချက်မှန်သမျှ လျစ်လျူရှု ပယ်ချနေတာမျိုးလည်း မဟုတ်ပြန်ပါဘူး။ ကိုယ့်အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး မိမိပြည်တွင်းရေးအခြေအနေအရ မိမိပြည်တွင်းအင်အားကိုပဲ ယုံကြည်အားကိုးကာ အိမ်နီးချင်းနိုင်ငံတွေနဲ့ အပြုသဘောဆက်ဆံရေးအပါအဝင် ဥပဒေဘောင်အတွင်းကနေ အပေးအယူ မျှမျှတတနဲ့ အခြားတစ်ဖက်က လုပ်ဆောင်ချက်တွေအပေါ် မူတည်ပြီးမှ အတတ်နိုင်ဆုံး လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ပေးသွားမယ်ဆိုတဲ့ အချို့ကတိကဝတ်တွေကိုလည်း ပြသနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

တကယ်တော့ မစ္စနိုလင်းဟေဇာဟာ ကုလအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်တစ်ဦးအဖြစ် မြန်မာနိုင်ငံမှာ ပြောသမျှ၊ ဆိုသမျှ၊ ဆွေးနွေးသမျှ တစ်လုံးမကျန် ပြန်လည်အစီရင်ခံသတင်းပို့တင်ပြရသူတစ်ဦးအဖြစ်နဲ့သာ ပုံဖော်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ မျှော်လင့်ချက်တွေအတွက် မြန်မာနိုင်ငံနဲ့ UN အဖွဲ့ကြီးကြားမှာ စေ့စပ်ညှိနှိုင်းခြင်းသဘောကို ခံစားနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင်နဲ့ ညှိနှိုင်းနိုင်သူတစ်ဦးအဖြစ် မြန်မာပြည်သူတွေက ထင်မြင်လာအောင် သူကိုယ်တိုင်က စေတနာပါပါနဲ့ စေ့စပ်ညှိနှိုင်းပေးသင့်တယ်လို့လည်း ထင်မြင်မိပါတယ်။

**တကယ်တော့ မြန်မာနိုင်ငံကို ဖိအားပေးတဲ့နည်းဗျူဟာက အလုပ်မဖြစ်ပါဘူး၊ တစ်ဖက်က အပြုသဘောဆွေးနွေးချက်တွေအပေါ်မှာ ဈေးဆစ်ရခက်တဲ့တောင်းဆိုမှုတွေနဲ့သာဆိုရင် ကုလသမဂ္ဂရဲ့ လိုလားချက်ဖြစ်တဲ့ အကြမ်းဖက်မှုတားဆီးရေး၊ နောက်ထပ်ပဋိပက္ခတွေ ထပ်မဖြစ်ရေးဆိုတဲ့ ငြိမ်းချမ်းရေးပန်းတိုင်နဲ့ အလှမ်းဝေးသွားနိုင်တယ်ဆိုတာ သတိချပ်ဖို့လည်း လိုပါတယ်။**

အချုပ်အားဖြင့်တော့ ကုလသမဂ္ဂအပါအဝင် အာဆီယံအနေနဲ့ပါ မြန်မာနိုင်ငံရဲ့ သဘောထားအမှန်ကို ထင်ဟပ်တဲ့ သတင်းထုတ်ပြန်ချက်တွေကိုလေ့လာပြီး အခြေအနေမှန်တွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ကာ အမှန်တရားဘက်က ရပ်တည်ပေးစေလိုတဲ့ ဆန္ဒအမှန်ကိုသာ ထားရှိသင့်ကြပါတယ်။ သို့မှသာ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို အလေးအနက်တန်ဖိုးထားရာ လေးစားရာရောက်မည်ဖြစ်ပါကြောင်း အပြုသဘောရေးသားလိုက်ရပါတယ်။ ။

■

# စာပေဗိမာန် သုံးရတုနှင့် ကျွန်တော့်ပုံရိပ်များ

မောင်ခင်မင် (ဓနုဖြူ)

စာပေဗိမာန်သည် ငွေရတု၊ ရွှေရတုကာလများကို အောင်မြင်စွာ ဖြတ်သန်းပြီးနောက် ယခု ၂၀၂၂ ခုနှစ်တွင် စိန်ရတုသက်တမ်းပြည့်မြောက်ပြီဖြစ်သည်။

ပြန်စဉ်းစားကြည့်သောအခါ ကျွန်တော်သည် စာပေဗိမာန်၏ ရတုသက်တမ်း သုံးခုစလုံးတွင် စာပေဗိမာန်နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးစွာ ဆက်ဆံခွင့်ကြုံခဲ့ရကြောင်း ဝမ်းသာဂုဏ်ယူစွာ သတိပြုမိပါသည်။ ထိုကာလတစ်လျှောက် ပါဝင်လှုပ်ရှားခဲ့သော ကျွန်တော်၏ပုံရိပ်များကိုလည်း ပြန်လည်မြင်ယောင်နေမိပါသည်။

### အညတရပုံရိပ်မျှသာ

စာပေဗိမာန်၏ ငွေရတုသက်တမ်း (၁၉၄၇–၁၉၇၂) တွင် ကျွန်တော်၏ပုံရိပ်လေးများမှာ စာအုပ်အသင်းဝင်၊ စာဖတ်သူ၊ စာတမ်းနားထောင်သူ ပရိသတ်တစ်ဦး၏ ပုံရိပ်မျှသာဖြစ်သည်။ မထင်မရှား အညတရပုံရိပ်မျှသာဖြစ်သည်။

စာပေဗိမာန်စာအုပ်ဆိုင်တွင် အလယ်တန်းကျောင်းသားဘဝကပင် စာအုပ်များ မကြာခဏ ဝယ်ဖြစ်သည်။ မှတ်မိနေသည်မှာ အတ္ထုပ္ပတ္တိစာအုပ်လေးများဖြစ်သည်။ တစ်အုပ် ပြား ၅၀ သာ ပေးရသည်။ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ကနက်စိန်၊ ရုပ်သေးမင်းသမီး ဦးဖူးညို၊ ဆင်ခိုးမလေး၊ မထွေးလေး၊ နန်းတော်ရှေ့ဆရာတင် စသည့်အနုပညာရှင်များ၏အတ္ထုပ္ပတ္တိများ၊ ဗိုလ်စံဖဲ၊ လမ်းမတော်ဖိုးတုတ်၊ ဒေါ်ဦးဇွန်း စသည့်ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများဖြစ်သည်။ ထိုစဉ်က ကျွန်တော်မှာ ကျောင်းသားလူငယ်အရွယ်မျှသာဖြစ်၍ တန်ဖိုးကြီးသော စာအုပ်များကို မဝယ်နိုင်သေးပါ။

တက္ကသိုလ်ရောက်ချိန်တွင် "ဘာသာပြန်" ဟူသော စာအုပ်ကလေးကို ၂၅ ပြားနှင့် ဝယ်ရသည်ကို မှတ်မိနေသည်။ စာအုပ်က ဈေးသက်သာလှသော်လည်း စာပေ၏တန်ဖိုးကြီးမားလှသည်။ စာပေဗိမာန်အစည်းအဝေးများတွင် ဟောပြောသော ဆရာကြီးဦးဖေမောင်တင်၊ သခင်ဘသောင်း၊ ပါမောက္ခ ဦးဇေမောင်၊ ဦးသန့်၊ ဆရာမင်းသုဝဏ်တို့၏ ဘာသာပြန်အကြောင်း ဟောပြောချက်များကို စုစည်းထားခြင်းဖြစ်သည်။

စာပေဗိမာန် စာအုပ်အသင်းဝင်သောအခါ လစဉ် စာတိုက်မှ စာအုပ်တစ်အုပ် အမြဲရောက်လာသည်။ တစ်နှစ်စာ နှစ်စဉ်ကြေးကလည်း မများပါ။ စာအုပ်ကောင်းများ လစဉ်ရသဖြင့် သဘောကျနေပါသည်။ ပို၍သဘောကျစရာ ဖြစ်ရသည်ကတော့ "စာပေဗိမာန်မဂ္ဂဇင်း"ကို စာကြည့်တိုက်မှ ငှားဖတ်ရခြင်းဖြစ်သည်။ ပုံမှန်အရွယ်အစားမှာ ဂျာနယ်အရွယ်ဆိုက်ကြီးကြီးနှင့် လစဉ်ထုတ်ဝေသော စာပေဗိမာန်မဂ္ဂဇင်းကို စွဲစွဲမက်မက် ဖတ်ဖြစ်သည်။ သုတစာပေများ၊ အထူးသဖြင့် သိပ္ပံဆိုင်ရာဆောင်းပါးများ အလေးကဲသည်။

### ပထမဆုံးစာပေအောင်မြင်မှု

မှတ်သားစရာများကို ကော်ပီစာအုပ်တစ်အုပ်တွင် ကောင်းနိုးရာရာ ကူးထားသည့်အလေ့လည်း စွဲမြဲသွားသည်။ ထိုအချက်အလက်အချို့ကို အခြေခံ၍ "တီထွင်မှုများ" ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးပြီး "ဗမာဒိုင်ဂျက်" စာစောင်သို့ ပို့လိုက်ရာ ၁၉၅၇ ခုနှစ် မေလထုတ် စာစောင်တွင် ကျွန်တော့်ဆောင်းပါးလေး ပါလာပါသည်။ "စုပေါင်းစပ်ပေါင်း" ဆောင်းပါးကလေးမျှသာဖြစ်သော်လည်း ကျွန်တော့်လက်ရာကို ပုံနှိပ်စာလုံးဖြင့် ပထမဆုံး ဖော်ပြခံရသောစာဖြစ်သည့်အတွက် ကျွန်တော့်အဖို့ ဘဝမှတ်တိုင်တစ်ခုဖြစ်သည်။ စာပေဗိမာန်မဂ္ဂဇင်း၏ ကျေးဇူးဖြင့် ပထမဆုံး ကျွန်တော်ရခဲ့သော စာပေအောင်မြင်မှုဖြစ်သည်။

စာပေဗိမာန်၏ ငွေရတုကာလကုန်ခါနီးတွင်




ကျွန်တော်သည် စာပေဗိမာန်က နှစ်စဉ်ကျင်းပသော စာတမ်းဖတ်ပွဲများကို တက်ရောက်နားထောင်ခွင့်ရသည့် ပရိသတ်တစ်ဦးဖြစ်လာပါသည်။ မှတ်မိပါသေးသည်။ စာတမ်းဖတ်ပွဲတက်လိုသူ များပြားသည့်အတွက် စာရေးနေသူများကို ဦးစားပေးရွေးချယ်မည်ဟု ကြေညာချက်တွင် တွေ့ရသည့်အတွက် စာတမ်းဖတ်ပွဲ တက်ခွင့်လျှောက်လွှာတွင် ကိုယ့်ကလောင်အမည်ကို ထင်ထင်ရှားရှားရေးပြီး ပုံနှိပ်ဖော်ပြခံရသော ဆောင်းပါးများ၊ အက်ဆေး (ရသစာပေ) များ စာရင်းကိုလည်း အပြည့်အစုံ ရေးထည့်သည်။ စာတမ်းဖတ်ပွဲ တက်ချင်လွန်း၍ ကြေညာမည့်နေ့ကို မျှော်နေပြီး ထိုနေ့တွင် ချက်ချင်းသွားကြည့်သည်။ တက်ခွင့်ရသူစာရင်းတွင် ကိုယ့်ကလောင်နာမည်ကို တွေ့ရသောအခါ အလွန်ဝမ်းသာသွားသည်။ နာမည်ရင်ထိုးတံဆိပ်နှင့်စာတမ်းမူကြမ်းဖိုင်ကို သွားထုတ်ပြီး ချက်ချင်းထိုင်ဖတ်သည်။ စာတမ်းဖတ်ပွဲရက်များတွင်လည်း မပျက်မကွက် သွားနားထောင်သည်။

ပညာရှင်ကြီးများ စာတမ်းဖတ်ကြ၊ ဆွေးနွေးကြသည်ကို နားထောင်ရင်း "ငါလည်း စာတမ်းဖတ်နိုင်အောင် ကြိုးစားမယ်"ဟု အားကျစိတ်ဖြင့် ဆုံးဖြတ်လိုက်သည်။ မှတ်မှတ်ရရ ထိုကာလတွင် မြတ်မွန်ရတနာခန်းမ၌ ကျင်းပသော "ပြဇာတ်နှင့် ပြဇာတ်စာပေစာတမ်းဖတ်ပွဲနှင့် ဂန္ထဝင်ခန်းမှာ ကျင်းပသော အတ္ထုပ္ပတ္တိစာပေ စာတမ်းဖတ်ပွဲများ" တက်ဖြစ်သည်။ အသိအမြင်များ တိုးပွားရသည်။

စာပေဗိမာန်ရွှေရတုသက်တမ်း (၁၉၇၃–၁၉၉၇) တွင် ကျွန်တော့်ပုံရိပ်များမှာ စာတမ်းဖတ်ပွဲ ပရိသတ်ပုံရိပ်အပြင် စာတမ်းရှင်နှင့် စာမူပြိုင်ပွဲဆုရှင်ပုံရိပ်များ ဖြစ်သည်။ စာပေဗိမာန်နှင့် ခပ်လှမ်းလှမ်းအနေအထားမှ နီးကပ်လာသည့်အနေအထားသို့ ရောက်လာသည်။

### မြန်မာစကားပြေစာတမ်းဖတ်ပွဲတွင် ဖိတ်ခေါ်

စာပေဗိမာန်စာတမ်းဖတ်ပွဲများကို ဆယ်နှစ်မျှ နှစ်စဉ် မပျက်မကွက် တက်ရောက်နားထောင်ပြီးသောအခါ ၁၉၈၁ ခုနှစ်တွင် ကျွန်တော်ကိုယ်တိုင် စာတမ်းရှင်တစ်ယောက် ဖြစ်လာရသည်။ ၁၉၈၁ ခုနှစ်တွင် ကျင်းပသော မြန်မာစကားပြေ စာတမ်းဖတ်ပွဲတွင် စာတမ်းပြုစုဖတ်ကြားရန် စာပေဗိမာန်က ကျွန်တော့်ကို ဖိတ်ခေါ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာလက်ခံပြီး "ရှေးခေတ်မြန်မာစကားပြေ" စာတမ်းကို ပြုစုဖတ်ကြားခဲ့သည်။ ထိုအချိန်တွင် ကျွန်တော့်အသက်က (၄၀)မျှသာရှိပါသည်။ ကျွန်တော်၏ ပထမဆုံးစာအုပ်ဖြစ်သော "စကားပြေသဘောတရား စကားပြေအတတ်ပညာ" စာအုပ်ကို ထုတ်ဝေပြီးပါပြီ။ မဂ္ဂဇင်းများတွင်မူ စာရေးသည့်အရှိန်သိပ်မရသေးပါ။ စာပေလောကအတွင်းသို့လည်း မဝင်ဆံ့သေးပါ။

တက္ကသိုလ်တွင် မြန်မာစာ လက်ထောက်ကထိကဖြစ်သည်။ စာတမ်းကို ကြိုးစားပြုစုသည်။ ထိုနှစ်က ရန်ကုန်မြို့တော်ခန်းမတွင် စာတမ်းဖတ်ရသည်။ မဖတ်မီ စိတ်လှုပ်ရှားစွာထိုင်နေစဉ် ဘေးက




ကုလားထိုင်တွင် လာထိုင်သောပုဂ္ဂိုလ်ကို ကြည့်လိုက်ရာ ဆရာဇော်ဂျီဖြစ်နေသည့်အတွက် များစွာ အားတက်သွားသည်။ ဆရာက ဖြည်းဖြည်းဖတ်ဖို့ သတိပေးသည်၊ အားပေးစကားပြောသည်ကို မှတ်မိနေသည်။ စာတမ်းဖတ်ပွဲအပြီး ပြန်အထွက်မှာ ဆရာ "သောင်းထိုက်"က ပြည့်ပြည့်စုံစုံ ပြုစုထားသော စာတမ်းဖြစ်ကြောင်း ချီးကျူးစကားပြောသည့်အတွက် ဝမ်းသာကျေနပ်သွားသည်။

### စာပေမိတ်ဆွေများနှင့်သိကျွမ်းခင်မင်ခွင့်ရ

နောက်ပိုင်းမှာတော့ စာတမ်းငယ် စာပေစာတမ်းဖတ်ပွဲ (၁၉၈၆) တွင် "စာတမ်းငယ်ဟူသည်" စာတမ်း၊ ဂန္ထဝင်စာပေ စာတမ်းဖတ်ပွဲ (၁၉၉၁) တွင် "ရှေးခေတ်မြန်မာဂန္ထဝင်စာပေ" စာတမ်းများကို ဖတ်ဖြစ်ခဲ့ပါသည်။ စာတမ်းဖတ်ပွဲများကို အကြောင်းပြု၍ စာပေပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ရေးဖော်ရေးဖက် စာပေမိတ်ဆွေများနှင့် သိကျွမ်းခင်မင်ခွင့်ရသည်မှာလည်း အမှတ်တရပင်ဖြစ်ပါသည်။

၁၉၈၀ ကျော်ကာလတွင် စာပေဗိမာန်စာမူဆုအတွက် "ဝါသနာကို အရင်းခံ၍" ခေါင်းစဉ်ဖြင့် စာမူတစ်ခုရေးပြီး ပြိုင်ပွဲဝင်ခဲ့သည်။ ကျွန်တော့်စာမူ အရွေးမခံရပါ။ နောက်တစ်ကြိမ် "မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ" ခေါင်းစဉ်ဖြင့် စာမူပြိုင်ပွဲဝင်သောအခါ ၁၉၈၉ ခုနှစ်အတွက် သုတပဒေသာ(ဝိဇ္ဇာ) (ပထမဆု) ချီးမြှင့်ခံရပါသည်။ စာပေဗိမာန်နှင့် ပို၍ နီးကပ်လာပြီး ထဲထဲဝင်ဝင် ဖြစ်လာရပါသည်။

စာပေဗိမာန် စိန်ရတုသက်တမ်း (၁၉၉၇–၂၀၂၂) တွင် ကျွန်တော့်ပုံရိပ်များမှာ အမျိုးသားစာပေဆုရှင်နှင့် စာပေဗိမာန်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ပုံရိပ်များဖြစ်သည်။ စာပေဗိမာန်နှင့် ထဲထဲဝင်ဝင် ရင်းနှီးကျွမ်းဝင်လာသောအနေအထားသို့ ရောက်လာသည်။

၂၀၀၀ ပြည့်နှစ်မှစ၍ စာပေဗိမာန်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရသည်။ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်၍ စာအုပ်များကို ဖတ်ရှုရွေးချယ်ပေးရသည်။ မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်၍ နှစ်စဉ်ပြုစုထုတ်ဝေသော စွယ်စုံနှစ်ချုပ်ကျမ်းများကို ဖတ်ရှုစိစစ်ခြင်း၊ ပါဝင်ရေးသားခြင်းတို့ကို ဆောင်ရွက်ရသည်။ မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေရေးကော်မတီတွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်၍ ဂန္ထဝင်စာအုပ်များ ရွေးချယ်ရေးအတွက် ဆွေးနွေးခြင်း၊ စစ်ပေးခြင်း၊ ပုံနှိပ်ထုတ်ဝေသည့်စာအုပ်အတွက် မိတ်ဆက်အမှာစာ ရေးသားပေးခြင်းတို့ကို ဆောင်ရွက်ရသည်။ **စာမျက်နှာ ၉ သို့** ■

- **စာပေဗိမာန်၏ ငွေရတုသက်တမ်း (၁၉၄၇- ၁၉၇၂) တွင် ကျွန်တော်၏ပုံရိပ်လေးများမှာ စာအုပ်အသင်းဝင်၊ စာဖတ်သူ၊ စာတမ်းနားထောင်သူ ပရိသတ်တစ်ဦး၏ ပုံရိပ်မျှသာဖြစ်သည်။ မထင်မရှား အညတရပုံရိပ်မျှသာဖြစ်**
- **စာပေဗိမာန်ရွှေရတုသက်တမ်း (၁၉၇၃-၁၉၉၇) တွင် ကျွန်တော့်ပုံရိပ်များမှာ စာတမ်းဖတ်ပွဲ ပရိသတ်ပုံရိပ်အပြင် စာတမ်းရှင်နှင့် စာမူပြိုင်ပွဲဆုရှင် ပုံရိပ်များဖြစ်သည်။ စာပေဗိမာန်နှင့် ခပ်လှမ်းလှမ်းအနေအထားမှ နီးကပ်လာသည့် အနေအထားသို့ ရောက်လာ**
- **စာပေဗိမာန် စိန်ရတုသက်တမ်း (၁၉၉၇-၂၀၂၂) တွင် ကျွန်တော့်ပုံရိပ်များမှာ အမျိုးသားစာပေဆုရှင်နှင့် စာပေဗိမာန်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ပုံရိပ်များဖြစ်သည်။ စာပေဗိမာန်နှင့် ထဲထဲဝင်ဝင် ရင်းနှီးကျွမ်းဝင်လာသော အနေအထားသို့ ရောက်လာ**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေနှင့်ပတ်သက်၍ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

လွိုင်ကော် ဩဂုတ် ၂၅

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေနှင့်ပတ်သက်၍ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



**အကောင်အထည်ဖော်**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်စီစဉ်မှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကယားပြည်နယ်အတွက် မတည်ငွေအဖြစ်ပေးအပ်သော ငွေကျပ် ၁၀ ဘီလီယံကို ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် သတ်မှတ်ကာလအတွင်း ချမှတ်ပေးထားသော အခြေခံမူများ၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများက ဌာနအလိုက်ဆောင်ရွက်ပေးမည့်နည်းလမ်းများ၊ မြို့နယ်များအလိုက်ဆောင်ရွက်မည့်ကျေးရွာများ၊ ကျေးရွာများအလိုက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်/ ခရိုင်/မြို့နယ်/ကျေးရွာများအလိုက် ညွှန်ကြားချက်များနှင့်အညီ ကော်မတီများဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရန်၊ မြို့နယ်နှင့် ကျေးရွာများအလိုက် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ငန်းအစီအမံများ ရေးဆွဲတင်ပြရန်၊ ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း၍အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်တွေမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စစ်တွေ ဩဂုတ် ၂၅

ရခိုင်ပြည်နယ် စစ်တွေမြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးနှင့် လိုင်စင်မဲ့ယာဉ်များ စီးနင်းသွားလာမှုမရှိစေရေး အသိပညာပေးခြင်းနှင့် စစ်ဆေးဆောင်ရွက်ခြင်းများကို ယနေ့ နံနက်ပိုင်းက စတင်၍ စစ်တွေမြို့ မေယုလမ်းမကြီးတစ်လျှောက်နှင့် လူစည်ကားရာ မီးပွိုင့်လမ်းဆုံများတွင် ဆောင်ရွက်သည်။

ထိုသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၅) ယာဉ်ထိန်း တပ်ဖွဲ့ခွဲမှူးရုံး၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များမှ ပူးပေါင်းအင်အား ၂၅ ဦးဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ရခိုင်ပြည်နယ် စစ်တွေမြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဩဂုတ် ၂၅ ရက်မှစတင်၍ နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

■ စာမျက်နှာ ၈ မှ

ထို့အတူ စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးတွဲဆောင်ရွက်သော မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ကော်မတီတွင် ပါဝင်ဆောင်ရွက်ပေးရသည်။

စာပေဗိမာန်စာတမ်းဖတ်ပွဲများ တစ်ကျော့ပြန်လည်ကျင်းပရာ၌ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ (၂၀၁၆) တွင် ရှေးခေတ်မြန်မာ့နိုင်ငံရေးစာပေစာတမ်း၊ မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲ (၂၀၁၉) တွင် မြန်မာဘာသာစကားတွင် ထင်ဟပ်နေသော မြန်မာ့အတွေးအမြင် စာတမ်းတို့ကို ပြုစုဖတ်ကြားခဲ့သည်။ အမျိုးသားစာပေဆုသုံးဆု (၂၀၀၂၊ ၂၀၀၉၊ ၂၀၁၃) နှင့် အမျိုးသားစာပေတစ်သက်တာဆု (၂၀၁၃) တို့ ရရှိခဲ့သည်။

ယခု ကျွန်တော့်အသက် (၈၂) နှစ်ရှိပါပြီ။ အသက်အရွယ်၊ ကျန်းမာရေးအခြေအနေများအရ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် အခြေအနေတွင် ကိုယ်မပါနိုင်တော့စေကာမူ စိတ်ကတော့ စာပေဗိမာန်နှင့် နီးနေဆဲဖြစ်သည်။

ဆောင်းပါးကို အဆုံးသတ်ခါနီး စာပေဗိမာန်နှင့်ပတ်သက်သည့် အကြောင်းကလေးတစ်ခု စိတ်ထဲပေါ်လာသည်။ အခြားမဟုတ်ပါ။ ၁၉၅၀ ကျော်ကာလတွင် မြန်မာ့အသံ ရေဒီယိုမှ ပေါ်လာလေ့ရှိသော သီချင်းသံကလေးဖြစ်သည်။

ထိုစဉ်က စာပေဗိမာန်ထုတ်စာအုပ်များကို မိတ်ဆက်ပေးသောကဏ္ဍတစ်ခုကို မြန်မာ့အသံက ထုတ်လွှင့်လေ့ရှိသည်။ "ခုအချိန်ကစပြီး စာပေဗိမာန် စာအုပ်စင်ကဏ္ဍကို ထုတ်လွှင့်ပါတော့မယ်ရှင်" ဟု ကြေညာသံအဆုံးတွင် -

တုံတုံတုံ၊ တုံတပ်တပ်၊ တုံတုံတုံ၊ တုံတပ်တပ် ဟူသော တီးလုံးကလေး နှစ်ကျော့ပေါ်လာပြီးနောက် -

**အမှောင်ခွင်း၍ အလင်းဆောင်စေရာ**<br>
**ဘာသာပြန်စာပေအသင်းပါ...**<br>
**လူထုအတွက် အဆင့်အတန်းမြင့်ဖို့ရာ**<br>
**ဗလငါးတန်လည်း မြှင့်တင်ပေးရမှာ**<br>
**စာပေဗိမာန် ဗိမာန်ပါ...**

ဟူသော သံပြိုင်သီချင်းသံကလေး သာသာယာယာ ပေါ်ထွက်လာမြဲဖြစ်ပါသည်။

ထိုသီချင်းသံကလေး ပေါ်ထွက်လာခဲ့သည်မှာ စာပေဗိမာန်၏ စိန်ရတုသက်တမ်းနှင့်အတူတူလောက်ပင် ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် သီချင်းသံကလေးကို ကြားယောင်ရင်း စိတ်ထဲမှာကြည်နူးနေပါသည်။ ။

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ



# လားရှိုးမြို့၌ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

လားရှိုး ဩဂုတ် ၂၅

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက လားရှိုးမြို့ လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်**

ပြိုင်ပွဲဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲကို ကျင်းပပေးရခြင်းရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံတော်ကို ကိုယ်စားပြုနိုင်မည့် ထူးချွန်ထက်မြက်သည့် ဘတ်စကက်ဘောမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ဘတ်စကက်ဘောအားကစားသမားများ အချင်းချင်း စုစည်းတွေ့ဆုံ၍ ချစ်ခင်ရင်းနှီးမှုရရှိကြပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုစေရေးအတွက် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေများကြောင့် ပြိုင်ပွဲများကျင်းပခြင်းကို ရပ်နားထားခဲ့ရပြီး ယခုနှစ်တွင် ကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဘတ်စကက်ဘောအားကစားသမားများအနေဖြင့် "ဘတ်စကက်ဘောအားကစားနည်းနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရမည်" ဆိုသည့် ရည်မှန်းချက်ထားပြီး နိုင်ငံ့ဂုဏ်ဆောင် ဘတ်စကက်ဘော အားကစားသမားတစ်ယောက်ဖြစ်လာအောင် မိမိကိုယ်ကို ဂရုတစိုက်ပြုစုပျိုးထောင်ကြရန် ပြောကြားသည်။

ဆက်လက်၍ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲတွင် အသုံးပြုသည့် LED Score Board လှူဒါန်းသော Shining Myanmar Co.,Ltd. နှင့် Kingbrother ကုမ္ပဏီအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

**ပေးအပ်**

ထို့နောက် လားရှိုးမြို့ အထက(၂)ဘင်ခရာတပ်ဖွဲ့၊ အိမ်တွင်းမှုသင်တန်းကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများ၊ only one Dancer အဖွဲ့တို့က သရုပ်ပြဖျော်ဖြေကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းစီကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ပြည်နယ်ဝန်ကြီးများက ပေးအပ်ကြသည်။

အဆိုပါ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၁ သင်း၊ ပြိုင်ပွဲဝင်အင်အား ၃၀၂ ဦးနှင့် ပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

**(ယမန်နေ့မှ အဆက်)**

ဆက်လက်၍ **NP News Agency မှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ငြိမ်းချမ်းရေးဆွေးနွေးပွဲ မတက်ဘူးဆိုသည့် EAO များ၏ မီဒီယာများ၌ ဖော်ပြထားသည့် စကားများကိုကြည့်လျှင် ၎င်းတို့သုံးနှုန်းထားသည့် စကားလုံးအသုံးအနှုန်းများသည် အလွန်အကျွံဖြစ်နေသည်ကို တွေ့ရကြောင်း၊ ယင်းအတွက်ကြောင့် မလာနိုင်ဘူးဟုဆိုသည့် ထင်မြင်မှု ရှိ၊ မရှိနှင့် ယင်းအသုံးအနှုန်းများအပေါ် တပ်မတော်အနေဖြင့် အဘယ်ကြောင့် သည်းခံ၍နေနိုင်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**စကားလုံးအသုံးအနှုန်းများ၏အဓိပ္ပာယ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တစ်ခါတစ်ရံ၌ တချို့သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့သုံးနှုန်းထားသည့် စကားလုံးအသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို ၎င်းတို့ကိုယ်တိုင်မသိသည့် အချိန်များရှိကြောင်း၊ ဥပမာအနေဖြင့် ဗကပအဖွဲ့က သုံးနှုန်းသွားသည်ကို ကြည့်လျှင်သိနိုင်ကြောင်း၊ မိမိခန့်မှန်းပြောရလျှင် ၁၉၇၀၊ ၁၉၇၁ ခုနှစ်ခန့်တွင် ၇၆ လမ်းစဉ်ကို ချမှတ်ခါနီးအချိန်တွင် ပြောခဲ့ခြင်းဖြစ်ကြောင်း၊ အရှေ့မြောက်ဒေသတွင် ၎င်းတို့ရှုံးနိမ့်မည့်အရိပ်အယောင် စတင်၍မြင်တွေ့ရသည့်အချိန်၌ ဗဟိုကော်မတီဝင်များကို ဗကပ၏စစ်ရေး၊ နိုင်ငံရေးနှင့်ပတ်သက်၍ မည်သည့်အခြေအနေအတိုင်းအတာအထိ ရောက်နေသည်ကို တိတိကျကျပြောပေးရန် လက်အောက်ကလူများက မေးကြကြောင်း၊ ဗကပခေါင်းဆောင်ကလည်း လုံးဝတိတိကျကျ ပြောခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် မတ်လနောက်ပိုင်းကာလသည် ၎င်းတို့၏ ပထမဒီရေမြင့်တက်လာသည့်ကာလဖြစ်ကြောင်း၊ "နောင်ဖြစ်ပေါ်လာမည့် ဒုတိယ ဒီရေမြင့်တက်ကာလ၏ကြားထဲတွင် ရှိသောအချိန်လို့ သတ်မှတ်တယ်" ဟု ပြောကြောင်း၊ ယင်းစကားလုံးအသုံးအနှုန်းမှာ မည်သည်ကိုဆိုလိုသည်ကို မသိကြောင်း၊ ယင်းအဓိပ္ပာယ်နှင့်ပတ်သက်သည့်စကားမျိုး ပြောဆိုသည့် အဖွဲ့တချို့ရှိကြောင်း၊ ၎င်းအဖွဲ့များ၏ စကားလုံးအသုံးအနှုန်းများကို ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် အထက်တွင်ပြောခဲ့သည့် စကားလုံးများကဲ့သို့ ပြောနေသူများရှိကြောင်း။

အခြားတစ်ခုမှာ ဘက်စုံမျှော်ကိုးမှုဖြစ်ကြောင်း၊ ယခင်က တချို့ EAO အဖွဲ့များသည် နောက်ကွယ်မှ အားပေးထောက်ခံမှုဖြစ်သည့် ပြည်ပ၏အားပေးထောက်ခံမှုမရှိသည့်အချိန်များတွင် လေသံများပြောင်းလဲသွားကြသည်ကို တွေ့ရကြောင်း၊ ယခုအချိန်ကဲ့သို့ ဝိုင်းဝန်းထောက်ပံ့သည့်အချိန်များတွင် လေသံများတစ်မျိုးဖြစ်လာကြကြောင်း၊ KNU အဖွဲ့အတွင်း၌ပင် KNU ကိုစိတ်မချလို့ဟုဆို၍ ကော်သူလေး Army ဆိုသည့်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၎င်းတို့ပြောနေသည့်စကားများကို သတင်းထောက်ကြီးတို့လည်း အမြင်ပင်ဖြစ်ကြောင်း၊ တိုက်ပွဲများတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါက နောက်ဆုံးလာခဲ့သည့် SSPP အဖွဲ့က မိမိတို့နှင့် လာရောက်ဆွေးနွေးနေသည့်အချိန်၌ SSPP အဖွဲ့မှ အလယ်အလတ်အရာရှိ အဆင့်ရှိသူတစ်ဦးက နိုင်ငံခြားသတင်းဌာနများကိုဆက်သွယ်၍ ၎င်း၏အင်တာဗျူးကို ထည့်ပေးရန် ကမ်းလှမ်းခဲ့ကြောင်း၊ ၎င်း၏အင်တာဗျူးသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ သွားရောက်နေသည့်အဖွဲ့သည် SSPP ကို ကိုယ်စားမပြုကြောင်းနှင့် ၎င်းအနေဖြင့် သဘောမတူကြောင်းကို ပြောမည်ဖြစ်ကြောင်း၊ Ethic စောင့်စည်းသော သတင်းဌာနများအနေဖြင့် ၎င်းတစ်ဦးတည်း၏ ထင်မြင်ချက်ဖြစ်သောကြောင့် ထည့်မပေးကြကြောင်း၊ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြနေသည့် သတင်းဌာနများလည်းရှိကြောင်း။



နောင်တော်လေး (Myanmar National Post သတင်းဌာန)



ဦးဇော်မင်းဦး
တဲ့ပြောသတင်းဌာန



ဦးဝဏ္ဏ
Trend Journal

**စကားလုံးများကို အထအနကောက်နေမည်ဆိုလျှင်**

ထို့ကြောင့် တချို့သောမီဒီယာများတွင် မြင်တွေ့နေရသည့်သတင်းများအနက် တချို့သည် ၎င်းတစ်ယောက်တည်း၏ ထင်မြင်ချက်ဖြစ်ကြောင်း၊ တချို့ကလည်း အဖွဲ့အစည်းကို ကိုယ်စားပြုသည်ဟု ဆိုကြကြောင်း၊ သို့သော် အဖွဲ့အစည်းကို ကိုယ်စားပြုသည်ဟုဆိုသည်မှာလည်း လက်ခံရန်ခက်ခဲကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ မိမိတို့အနေဖြင့် လက်နှစ်ဖက်ဖြင့် ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားကြောင်း၊ မီဒီယာများ၏ ဖော်ပြချက်များနှင့် ပြောဆိုသည်များအတိုင်း လိုက်၍လုပ်ဆောင်ကြမည်ဆိုပါက မြန်မာနိုင်ငံ၌ မည်သည့်အချိန်တွင်မျှ ငြိမ်းချမ်းရေးမရနိုင်ကြောင်း၊ ယခုအချိန်ထိ "ငြိမ်းချမ်းစွာနေထိုင်လိုသည့် ဦးနုကို ကြံတောပို့ခြင်းသည်သာ ကောင်းသည်ဟုဆိုပြီး ငြိမ်းချမ်းစွာနေထိုင်လိုသည့် ဆိုရှယ်လစ်အရိုးများ ဗားကရာချောက်ထဲတွင် ပြည့်သွားမည်" ဟုဆိုသော စကားလုံးများကို အထအနကောက်နေမည်ဆိုလျှင် မြန်မာ့ငြိမ်းချမ်းရေးသည် တစ်သက်လုံး မဖြစ်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းစကားလုံးများအပေါ်တွင် နာကျင်နေမည့်အစား လက်တွေ့ဆန်းစစ်၍လုပ်ဆောင်ခြင်းသည်သာ ကောင်းသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Voice of Myanmar သတင်းထောက် ဦးမောင်မောင်ထွန်း**က ဈေးကွက်စီးပွားရေးစနစ်ကို အကြောင်းပြု၍ ကုန်သည်များသည် ဈေးတင်၍ ရောင်းချနေကြကြောင်း၊ အခြေခံစားသောက်ကုန်များဈေးနှုန်းမြင့်တက်ခြင်း၊ စားအုန်းဆီများ ဈေးနှုန်းမြင့်တက်ခြင်း၊ ဆေးဝါးများဈေးနှုန်း မြင့်တက်ခြင်းတို့အပေါ် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း၊ အခြားတစ်ခုမှာ ဂျပန်နိုင်ငံသား Toru Kubota ကို ယခင်အပတ်က ဆန္ဒပြသည့်နေရာ၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၅၀၅(က)၊ Visa စည်းကမ်းဖောက်ဖျက်မှုတို့ဖြင့် တရားစွဲဆိုထားသည်ဟု သိရကြောင်း၊ ၎င်းကို ပြန်လွှတ်မည်ဟုဆိုသည့် သတင်းများလည်းကြားနေရကြောင်း၊ ၎င်း၏အခြေအနေကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက မိမိတို့အနေဖြင့် စားအုန်းဆီနှင့်ပတ်သက်၍လည်းကောင်း၊ စက်သုံးဆီနှင့်ပတ်သက်၍လည်းကောင်း ဈေးနှုန်းများ မြင့်တက်နေသည်ကို သိရကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သောကြောင့် ပြောဆို၍ မလွယ်ကြောင်း၊ သို့သော် အလွန်အကျွံဖြစ်လာလျှင် ထိန်းရမည်ဖြစ်ကြောင်း၊ တချို့သော အခြေခံစားသောက်ကုန်များကို မိမိတို့နိုင်ငံတွင် ထုတ်လုပ်ကြကြောင်း၊ ပြည်ပတင်ပို့သည်မှာလည်း အကန့်အသတ်ဖြင့်သာ တင်ပို့ခိုင်းခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တတ်နိုင်သည့်ကဏ္ဍများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ အလွန်အကျွံပြုလုပ်ပါက ကုန်သွယ်မှုနှင့် ဈေးကွက်စီးပွားရေးစနစ်အပေါ် ထိခိုက်မည်ကို စိုးရိမ်ကြောင်း၊ မိမိတို့အနေဖြင့် ထုတ်ကုန်များမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်ဟု ပြောလိုကြောင်း။

**ခရီးသွား Visa ဖြင့် လာရောက်ခဲ့ခြင်းဖြစ်**

ဂျပန်နိုင်ငံသားနှင့်ပတ်သက်၍ ပြောရလျှင် ၎င်းသည်မြန်မာနိုင်ငံသို့ ခရီးသွား Visa ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းထောက် Visa ဖြင့် လာရောက်ခြင်းမဟုတ်ကြောင်း၊ ၎င်းအနေဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ရန်ကုန်တွင် ဆန္ဒပြသူများနှင့် တောက်လျှောက်ချိတ်ဆက်၍ ဆန္ဒပြသည့်အထဲ၌ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ကိစ္စနှင့်ပတ်သက်၍ ဂျပန်အောက်လွှတ်တော်အမတ်လာချိန်၌လည်း မိမိတို့ဘက်က ပွင့်ပွင့်လင်းလင်းပြောခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းကိုတရားစွဲတင်ထားကြောင်း၊ ဩဂုတ် ၁၆ ရက်ကဆိုလျှင် ဂျပန်မီဒီယာများက မိမိထံသို့ ဖုန်းများ ဆက်တိုက်ဆက်သွယ်ကြကြောင်း၊ ဂျပန်နိုင်ငံသားများက ဖိအားပေးနေသောကြောင့်ဖြစ်မည်ဟု ထင်မြင်မိကြောင်း၊ သတင်းအမှားများကို တောက်လျှောက် ထုတ်လွှင့်နေကြကြောင်း၊ ပျံ့နှံ့နေသည့် ကောလာဟလများတွင် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ဂျပန်အောက်လွှတ်တော်အမတ်ကို ကတိပေးခဲ့သောကြောင့် ၎င်းကိုအမြန်ဆုံးစစ်ဆေးမည်ဖြစ်ကြောင်း၊ ၎င်းကိုလေယာဉ်ဖြင့်ပြန်ပို့မည်ဟုဆိုသည့် ကောလာဟလများကြောင့် ဂျပန်မီဒီယာများအနေဖြင့် လေယာဉ်ကွင်းပဲပြေးရမလိုလို၊ ဟိုကိုပဲပြေးရမလိုလို ဖြစ်နေကြကြောင်း။

မိမိတို့အနေဖြင့် ၎င်းကို အမှုသုံးမှုဖြင့် တရားစွဲဆိုရန် စီစဉ်ထားကြောင်း၊ နံပါတ်တစ် Visa ဖောက်ဖျက်မှု၊ နံပါတ်နှစ်အမှုမှာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့်အတွက် ၅၀၅(က)၊ နံပါတ်သုံး အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဖြစ်ပြီး တရားမစွဲရသေးကြောင်း၊ ယင်းအချက်များထဲမှ Visa ဖောက်ဖျက်မှုကို ရုံးတင်တရားစွဲဆိုပြီးဖြစ်ကြောင်း၊ နံပါတ်နှစ်အမှုကိုလည်း တရားစွဲဆိုရန်လုပ်ဆောင်နေကြောင်း၊ နံပါတ်သုံးအမှုကို လေ့လာဆန်းစစ်နေပြီး လွှတ်ခြင်း၊ မလွှတ်ခြင်းသည် ယင်းအမှုပြီးပြတ်မှသာ ဖြစ်နိုင်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က အောက်လွှတ်တော်အမတ်ကို ပြောလိုက်သည့်စကားမှာ ၎င်းတစ်ဦးတည်းနှင့်ပတ်သက်၍ ခွင့်မလွှတ်နိုင်စရာမရှိကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း၌ ဂျပန်များက မြန်မာတွေအပေါ် ကျူးလွန်သည့် ပြစ်မှုများကိုပင် သင်ပုန်းချေထားကြောင်း၊ သို့သော် ၎င်းအနေဖြင့် ဥပဒေအရ တရားစွဲဆိုစီရင်ခံရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခင်က ဂျပန်သတင်းထောက်တစ်ယောက် ဆန္ဒပြပွဲ၌ ပါဝင်ခြင်းမရှိဘဲ ဓာတ်ပုံရိုက်နေကြောင်း၊ သတင်းထောက် Visa ဖြင့်လည်း လာရောက်ခြင်းဖြစ်ပြီး သတင်းထောက်အစစ်လည်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

**တရားဥပဒေဖြင့် စီရင်ခံရမည်**

ယခုမူ ၎င်းသည် မြန်မာနိုင်ငံသို့ Tourist Visa ဖြင့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ပကတိအမှန်ပြောရလျှင် လက်ရှိတရားစွဲဆိုခြင်းခံထားရသည့် ဂျပန်လူမျိုးသည် မြန်မာနိုင်ငံသို့ ယခင်ကလည်း ယခုကဲ့သို့ပင် ခိုးဝင်ခဲ့ကြောင်း၊ ခိုးဝင်ပြီး ရခိုင်ဘက်သို့ သွား၍ ဘင်္ဂါလီများအကြောင်းကို Sympathy Trip ဟုခေါင်းစဉ်တပ် အကြောင်းပြဇာတ်လမ်းတိုရိုက်ပြီး မဟုတ်ကဟုတ်ကများကို ဂျပန်၌ ပြသခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်ဖော်ထုတ်မှုမျှ မလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် တရားဥပဒေဖြင့် စီရင်ခံရမည်ဖြစ်ကြောင်း၊ လွှတ်ခြင်း၊ မလွှတ်ခြင်းမှာ အထက်က ပြောခဲ့သကဲ့သို့ဖြစ်ကြောင်း၊ စကားကုန်ပြောခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုတွင် ယခုကဲ့သို့ စည်းကမ်းမဲ့လုပ်ရပ်မျိုးကို မည်သည့်နိုင်ငံမျှ လက်ခံမည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က မိမိအနေဖြင့် ပထမဦးဆုံးမေးလိုသည့်မေးခွန်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အစီအစဉ်ဖြစ်သည့် ပြည်သူလူထုပူးပေါင်းပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အကြမ်းဖက်အန္တရာယ် အမှန်တကယ်ကျရောက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့သော ဒေသများတွင် အမျိုးသမီးများပါမကျန် အားတက်သရောပါဝင်ကြသည်ကို တွေ့ရပါကြောင်း၊ ယင်းသည် အောင်မြင်နိုင်ခြေရှိသော အခြေအနေတစ်ရပ်ဖြစ်ပြီး ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း၊ တစ်ဖက်၌ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် လက်နက်မဲ့ဖြစ်နေသောကြောင့် အကြမ်းဖက်သမားများ၏ အဓိကပစ်မှတ်များဖြစ်လာကြောင်း၊ ရန်ကုန်မြို့တွင်လည်း အုပ်ချုပ်ရေးမှူးများ အဓိကပစ်မှတ်ထားခံရကြောင်း၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ကဲ့သို့သော နေရာ၌ပင် အုပ်ချုပ်ရေးမှူးအိမ် ဗုံးပစ်ခံရကြောင်း၊ ခေတ်အဆက်ဆက်ကို ပြန်ကြည့်လျှင် အင်္ဂလိပ်အစိုးရလက်ထက်၌ အခြေအနေအရ ရပ်ရွာလူကြီးများကို လက်နက်တပ်ဆင်ပေးထားကြောင်း၊ လွတ်လပ်ရေးရပြီးခေတ်တွင်လည်း ရှိခဲ့ကြောင်း၊ ယနေ့ကာလတွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ အုပ်ချုပ်ရေးမှူးများ၌ ခုခံကာကွယ်ရန် လက်နက်မရှိကြောင်း၊ အုပ်ချုပ်ရေးမှူးအိမ်ကို သွားမည်ဆိုလျှင် နှစ်လုံးပြူးသေနတ်ဖြင့် လိုက်ခံရနိုင်သည်ကို PDF များအား အသိပေးနိုင်ရုံမျှဖြင့် အုပ်ချုပ်ရေးမှူးများ အသတ်ခံရမှု ရာခိုင်နှုန်းအတော်များများ လျော့နည်းသွားနိုင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အုပ်ချုပ်ရေးမှူးများကို လက်နက်ထုတ်ပေးလိုက်ပါဟူသည့် ထုတ်ပြန်ချက်မျိုး ထုတ်ပြန်ရန် ရှိ၊ မရှိကို သိလိုကြောင်း။

နောက်တစ်ချက်အနေဖြင့် သာစည်မြို့နယ် ဟန်ဇားတိုက်နယ်ဆေးရုံသည် နီပိန်းများ၊ NLD အစွန်းရောက်များ လှုံ့ဆော်၍ CDM ပြုလုပ်သောကြောင့် ရွာသူ/ရွာသားများက CDM ပြုလုပ်သူများကို ဆန္ဒပြခဲ့ကြောင်း၊ တပ်မတော်ကစေလွှတ်သည့် ဆရာဝန်များ/ သူနာပြုများ လာရောက်ချိန်တွင် ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည့် နေရာဖြစ်ကြောင်း၊

စာမျက်နှာ ၁၁ သို့❖

❖ စာမျက်နှာ ၁၀ မှ

ယခုအချိန်အထိ ယင်းတိုက်နယ်ဆေးရုံတွင် အစားထိုးခန့်အပ်ပေးခြင်းများ မရှိသေးကြောင်း၊ တပ်မတော်က စေလွှတ်ထားသည့် ဆရာဝန်တစ်ယောက်၊ သူနာပြုနှစ်ယောက်သာရှိပြီး လိုအပ်ချက်များအား ရပ်ရွာက တာဝန်ယူနေရကြောင်း၊ ဆရာဝန်/ဆရာမ တရားဝင်မရှိသည့်အတွက် ဆေးဝါးခွဲတမ်း ပြည့်ဝစွာမရရှိသည့်အခြေအနေဖြစ်နေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆရာဝန်၊ သူနာပြုများ အမြန်ဆုံး ခန့်ထားစေလိုကြောင်း၊ ယခင်က ဆရာဝန်/ သူနာပြုဆယ်ယောက် ဖြင့် ကုသမှုပေးခဲ့သည်ဟုသိရကြောင်း၊ ထို့ကြောင့် ဆရာဝန်/ သူနာပြု စေလွှတ်ခန့်ထားမည့် အစီအစဉ် ရှိ၊ မရှိကို သိလိုကြောင်း၊ နောက်ဆုံးတစ်ချက်အနေဖြင့် ယခုရက်ပိုင်းအတွင်း ဆင်ဖြူတော်မွေးဖွားသည့်အခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ထားကြောင်း၊ မြန်မာရာဇဝင်တွင်လည်း ဆင်ဖြူတော်ပေါ်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့ကြောင်း၊ ယခု ဆင်ဖြူတော်လေးနှင့်ပတ်သက်၍ ဆင်ဖြူတော်သမိုင်းကြောင်းကို အနည်းငယ်ရှင်းပြပြီး ဆင်ဖြူတော်ကို မည်သို့ပြုစုစောင့်ရှောက်ထားသည်ကိုလည်း ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်သူ့စစ်အဖွဲ့များ**

**ဖွဲ့စည်းခြင်းဖြင့်ဆောင်ရွက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး မြောက်ဘက်ပိုင်းများတွင် အဓိက ဦးစားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးမှူးများလုံခြုံရေးနှင့် ပတ်သက်ပြီး တော်တော်များများ တိုက်တွန်းထားကြောင်း၊ အုပ်ချုပ်ရေးမှူးများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ များပြားသည်ကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူပါဝင်သော ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်ရာတွင် ဥပဒေအရ ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းခြင်းဖြင့် ဆောင်ရွက်ရကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့များ၏ လိုအပ်ချက်များအား မြို့နယ်များကို အဆင့်ဆင့်တင်ပြပေးရန်ပြောလိုကြောင်း၊ လက်နက်ထုတ်ပေးခွင့် ဆိုသည်ထက် ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် ပြည်သူ့စစ်ဖွဲ့စည်းခွင့်များကို တိုင်းစစ်ဌာနချုပ်များ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ဆက်တွဲလိုအပ်သည့်နေရာများတွင် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသည့် လက်နက်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သာစည်မြို့နယ် ဟန်ဇားတိုက်နယ်ဆေးရုံ ပြန်ဖွင့်သည့်အချိန်တွင် ကန့်ကွက်သူများရှိသကဲ့သို့ တပ်မတော်မှ ဆရာဝန်/ဆရာမများ လာရောက်ချိန်တွင် ဝမ်းမြောက်စွာကြိုဆိုကြကြောင်း၊ တော်တော်ထူးခြားသည့်ဆေးရုံဖြစ်ကြောင်း၊ တချို့သောနေရာများတွင် ဆရာဝန်/ဆရာမ အခက်အခဲများရှိနေသောကြောင့် တပ်မတော်မှ ဆရာဝန်/ဆရာမများဖြင့် ကုသပေးနေကြောင်း၊ ဆေးဝါးကိစ္စများ လိုအပ်ချက်များကို ယခုသတင်းစာရှင်းလင်းပွဲပြီးပါက ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကိုယ်စားလှယ်အား အချက်အလက်များ အသေးစိတ်ပေးစေလိုကြောင်း၊ မိမိတို့အစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ရတနာဆင်ဖြူတော်ကိုးစီးအထိရှိ**

ဆင်ဖြူတော်နှင့်ပတ်သက်လျှင် သတင်းထုတ်ပြန်မှုနှစ်ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုပေါ်ထွန်းလာသည့် ဆင်ဖြူတော်မှာ ကြန်အင်လက္ခဏာ ရှစ်ချက်ရှိသည့်အနက် ခုနစ်ချက်နှင့် ကိုက်ညီမှုရှိသည်ဟူ၍လည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းအဖွဲ့၏ ဆင်ဝိုင်းတွင်ရှိသည့် ဆင်တစ်ကောင်မှ မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း၊ ထို ဆင်ဖြူတော်နှင့်ပတ်သက်ပြီး ဩဂုတ် ၁၆ ရက်ကလည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အရပ်အမြင့် ၂ ပေ ၅ လက်မ၊ အလေးချိန်ပေါင် ၁၉၀ ခန့်ရှိကြောင်း၊ ယခုအချိန်တွင် အလေးချိန် ပေါင် ၂၀၀ ခန့် ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ဆင်ဖြူတော်ကို ပိုင်ဆိုင်ခွင့်ရရှိသူအနေဖြင့် ဘုန်းတန်ခိုးကြီးမားခြင်း၊ ထင်ပေါ်ကျော်စောခြင်း၊ ရန်သူခပ်သိမ်းကို အလွယ်တကူအောင်မြင်ခြင်း၊ တိုင်းသူပြည်သားများ ချမ်းသာကြွယ်ဝ၍ ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်း၊ စားရေရိက္ခာပေါများခြင်း စသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းသည်ဟုလည်း မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အဆက်တွင် ယူဆထားကြောင်း၊ မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ရတနာဆင်ဖြူတော် ကိုးစီးအထိရှိကြောင်း၊ ၎င်းတို့ကို နေပြည်တော်နှင့် ရန်ကုန်မြို့တွင်ရှိသည့် ရတနာဆင်ဖြူထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်များတွင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း၊ သတင်းစာရှင်းလင်းပွဲပြီးပါက ဆင်ဖြူတော်များနှင့်ပတ်သက်သည့် အချက်အလက်များ ပေးလိုက်မည်ဖြစ်ကြောင်း၊ ယခုတွေ့ရှိသည့် ဆင်ဖြူတော်မှာ ပို၍ထူးခြားကြောင်း၊ ယခင်ပေါ်ထွက်ခဲ့သည့် ဆင်ဖြူတော် ကိုးစီးအနက် ပထမဆုံးပေါ်ထွက်ခဲ့သည့် ဆင်ဖြူတော်တစ်စီးသာ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့် ကိုက်ညီပြီး ကျန်သည့် ရှစ်စီးမှာ ကြန်အင်လက္ခဏာ ခြောက်ချက်နှင့်သာ ကိုက်ညီမှုရှိကြောင်း၊ ယခုပေါ်ထွက်ခဲ့သည့်ဆင်ဖြူတော်မှာ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ တိုင်းပြည်အတွက်၊ နိုင်ငံတော်အတွက် ဂုဏ်တစ်ခုဖြစ်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး**က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA နှင့် PDF များ၏ အကြမ်းဖက်လှုပ်ရှားမှုများကြောင့် အချို့သော ရဲကင်းစခန်းများကို ရုပ်သိမ်းခဲ့ရကြောင်း၊ ပညာရေးနှင့်ပတ်သက်သည့် စာသင်ကျောင်းများလည်း ဖွင့်လှစ်နိုင်မှုမရှိသေးကြောင်း၊ ထို့ပြင် ကျေးလက်ကျန်းမာရေးဆေးခန်းများလည်း ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း၊ အဆိုပါကိစ္စများ မည်မျှဖြစ်ပျက်နေသည်ကို သိလိုကြောင်း၊ မူလအတိုင်းပြန်ဖြစ်ရန်အတွက် နိုင်ငံတော်အနေဖြင့် မည်မျှအထိ ဆောင်ရွက်နိုင်မည်ကိုသိလိုကြောင်း၊ ယခုလက်ရှိ ခြောက်လတာ ကာလအတွင်း ပြီးစီးနိုင်ခြင်း ရှိ၊ မရှိသိလိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးကို ပထမဦးဆုံးမီးရှို့သူမှာ KIA ဖြစ်ကြောင်း၊ တပ်မတော်ကလည်း ယခုအချိန်အထိ သဘောထားကြီးနေဆဲဖြစ်ကြောင်း၊ နေ့စဉ်အရပ်သားပြည်သူများ သတ်ဖြတ်ခြင်းခံနေရကြောင်း၊ KIA နှင့်ပတ်သက်သည့် နိုင်ငံတော်နှင့် တပ်မတော်၏သဘောထားကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က စစ်ကိုင်းတိုင်းဒေသကြီး၏ လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ရဲကင်းစခန်းများ၏အခြေအနေကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ KIA နှင့်ပတ်သက်သည့် ကိစ္စများကိုမူ မိမိကဆက်လက်၍ ဖြေကြားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အင်အားနည်းပါးသည့် ရဲကင်းစခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြကြောင်း၊ ရဲစခန်းများနှင့် ရဲကင်းများ ရုပ်သိမ်းသည်ဆိုသည့်ကိစ္စမှာ မဟုတ်ကြောင်း၊ အလှမ်းဝေးသည့် နေရာများတွင်ရှိပြီး အင်အားနည်းပါးသည့် ရဲကင်းစခန်းငယ်များကိုမူ ခေတ္တရုပ်သိမ်းထားကြောင်း၊ ကျန်သည့်စခန်းများကိုမူ ရုပ်သိမ်းထားခြင်း မရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**သူပုန်ကိုသူပုန်လို့ပဲ သဘောထားသည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသတ်ခံခဲ့ရသူများ၏စာရင်းကို သီးခြားပေးလိုက်မည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိခဲ့သည့် လက်နက်များနှင့် ဖမ်းဆီးရမိသူများကို စစ်ဆေးချက်များအရ KIA က လက်နက်များထောက်ပံ့၍ လုပ်ဆောင်ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ၎င်းတို့ ကချင်ပြည်နယ်ထဲတွင်သာမက စစ်ကိုင်းတိုင်းဒေသကြီးအထိ စစ်မျက်နှာတိုးချဲ့နိုင်ရန်အတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်၏ KIA အပေါ်ထားရှိသည့် သဘောထားမှာ ၂၀၂၂ ခုနှစ်အထိ ငြိမ်းချမ်းရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ဆောင်မည်ဟု ပြောထားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အဖွဲ့အားလုံးအပေါ်တွင်ထားရှိသည့် သဘောထားဖြစ်ကြောင်း၊ သို့သော် အကြမ်းဖက်အဖွဲ့များကို ကူညီနေသည့် KIA အပေါ် တပ်မတော်ကထားရှိသည့်သဘောထားမှာ “သူပုန်ကို သူပုန်လို့ပဲသဘောထားသည်” ဟုသာ ပြောလိုကြောင်း ဆက်လက်ဖြေကြားသည်။

**တွဲပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဇော်မင်းဦး**က ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး သမ္မတဦးသိန်းစိန်လက်ထက်တွင် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ NLD ပါတီ ဒေါ်အောင်ဆန်းစုကြည် အနိုင်ရလာပြီးတက်လာကြောင်း၊ လက်ပံတောင်းတောင် စာချုပ်နှင့်ပတ်သက်၍ ၎င်းကိုယ်တိုင်လည်း တောင်းခဲ့ဖူးကြောင်း၊ ယခုပြည်သူများ၏ ကိုယ်စား မိမိတို့သတင်းဌာနများမှ ပြန်တောင်းရမည့် အနေအထားရှိကြောင်း၊ NLD အစိုးရအုပ်ချုပ်သည့် အချိန်တွင် နိုင်ငံခုနစ်နိုင်ငံခန့်မှ ငွေများချေးငှားထားသည်ဟု ပြောပါကြောင်း၊ မြန်မာစကားပုံအတိုင်း ကြွေးတင်လျှင် ရှင်ဘုရင်ဆပ်ဆိုသည့်အတိုင်း ရှင်ဘုရင်ဆိုသည်မှာ ရာသက်ပန်အသက်ရှင်သွားမည် မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့က အသက်ကြီးသွားသည့်အချိန်တွင် နောင်လာနောက်သား သားစဉ်မြေးဆက်များက ယင်းအကြွေးကို ဆပ်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အထောက်အထားများကို သိရှိရန်လိုအပ်ကြောင်း၊ NLD အစိုးရလက်ထက်တွင် နိုင်ငံခြားမှ ချေးငှားထားသည့် ငွေကြေးများနှင့် ပတ်သက်၍ မည်သို့သော ကတိကဝတ်များရှိပြီး မည်သည့်အချိန်တွင် ပြန်ဆပ်ရမည် မည်မျှရှိသည်ကို သတင်းစာမှ တိတိကျကျထုတ်ပြန်ပေးရန် ရှိ၊ မရှိနှင့် ထုတ်ပြန်ပေးစေလိုကြောင်း။

နိုင်ငံခြားသားပညာရှင်အယောက် ၁၀၀ ကျော်ငှားရမ်းထားသည်ဟု ၎င်းတို့ပြောကြောင်း၊ မည်သည့်ငွေများဖြင့် ငှားရမ်းသည်ကိုသိလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေါ်လာအခက်အခဲဖြစ်လာပြီး ဆီဈေးများလည်း တက်နေကြောင်း၊ ဆီဈေးများ တက်နေခြင်းကြောင့် ဆီရောင်းဝယ်ဖြန့်ဖြူးရေးကော်မတီကိုလည်း ဖွဲ့စည်းလိုက်သည်ဟုသိရကြောင်း၊ ယနေ့ပေါက်နေသည့် ဆီပေါက်ဈေးထက် တစ်ထောင်ခန့် လျော့နည်းသော နှုန်းထားဖြင့်ရောင်းပေးနိုင်ရန်အတွက် ကုမ္ပဏီတချို့က ကမ်းလှမ်းသည်ဟု မိမိတို့ သတင်းဌာနများအနေဖြင့် သတင်းရထားကြောင်း၊ မြန်မာငွေဖြင့် ရုရှားကို ရှင်းမည်ဖြစ်ကြောင်း၊ ဆီရောင်းဝယ်သည့် ကိုယ်စားလှယ်များကိုလည်း မြန်မာငွေဖြင့်သာယူမည်ဖြစ်ပြီး ကျန်သည်များကို ၎င်းတို့က ကုန်ကျခံမည်ဟု မိမိတို့ ကြားသိထားကြောင်း၊ ယင်းကိစ္စနှင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးတကယ်ရှိလျှင် လက်ရှိအစိုးရအနေဖြင့် အမြန်ဆုံး ခွင့်ပြုပေးစေလိုကြောင်း၊ မိမိအနေဖြင့် တောင်းဆိုပါကြောင်း မေးမြန်းသည်။

**တစ်နှစ်တွင် ဒေါ်လာသန်း ၇၀၀ နီးပါး**

**အကြွေးဆပ်နေရ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်း NlD လက်ထက်တွင် ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုခဲ့သည်မှာ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၁ ခုနှစ် တစ်လပိုင်းအကုန်အထိ ချေးငွေစာချုပ် ၆၉ ယူနစ် ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဘီလီယံ ၉၀၁၉ ဒသမ ၅၃၁ သန်းဖြစ်ကြောင်း၊ အတိုးနှုန်းများမှာ ချေးငွေစာချုပ်အလိုက် အတိုးနှုန်းကွာခြားချက်ရှိကြောင်း၊ အနည်းဆုံး အတိုးမဲ့မှ အများဆုံး နှစ်ရာခိုင်နှုန်းအထိဖြစ်ကြောင်း၊ ဆိုင်းငံ့ကာလမှာ သုံးနှစ်နှင့် သုံးလမှ ၁၅ နှစ်အထိရှိကြောင်း၊ ဆိုင်းငံ့ကာလက ကျော်လွန်မှ ကျော်လွန်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြောခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပြောခဲ့ကြောင်း၊ တစ်နှစ်တွင် ဒေါ်လာသန်း ၇၀၀ နီးပါး အကြွေးဆပ်နေရကြောင်း၊ ၎င်းတစ်ယောက်တည်းကို အပြစ်ပြောခြင်း မဟုတ်ကြောင်း၊ ၎င်းရှေ့မှလည်းပါကြောင်း၊ နိုင်ငံတော် ကြွေးမြီများနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများ၊ ပြည်ထောင်စုလွှတ်တော်၏ သတ္တမပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေးများ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများ၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ ဒုတိယအကြိမ်တွင် လေ့လာတွေ့ရှိနိုင်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ မိမိတို့တွင်ရှိသည့် အထောက်အထားများကို မီဒီယာများအား ပြောမည်ဖြစ်ကြောင်း။

အနီးစပ်ဆုံးအထောက်အထားမှာ နိုင်ငံတော်ဝန်ကြီးချုပ်ပြောသည့် မိန့်ခွန်းများတွင် ပါပြီးဖြစ်ကြောင်း၊ တချို့မှာ အသေးစိတ်ပါပြီးဖြစ်ကြောင်း၊ သမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် မည်မျှရှိခဲ့ပြီး NLD အစိုးရလက်ထက်တွင် မည်မျှအထိတက်သွားကြောင်း၊ စာမျက်နှာ ၁၂ သို့ ❖

**ရုရှားနိုင်ငံသည် ရေနံမူရင်းထွက်သည့်နိုင်ငံဖြစ်ကြောင်း၊ မူရင်းထွက်သည့်နိုင်ငံဖြစ်သောကြောင့် မိမိတို့အနေဖြင့် လုပ်ဆောင်သည့်နေရာမှာ နှစ်ချက်ရှိကြောင်း၊ နံပါတ်(၁) ဈေးနှုန်းသက်သာရမည်၊ နံပါတ်(၂) အရည်အသွေးပြည့်မီပြီး လျင်လျင်မြန်မြန် ရနိုင်ရမည်ဖြစ်ကြောင်း၊ ယင်းနှစ်ချက်အပေါ်မူတည်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှားနှင့် မြန်မာသည် ဆက်သွယ်ဆက်ဆံမှု မြင့်မားနေသည့်အချိန်ဖြစ်ကြောင်း၊ နောင်တွင်လည်း ဆက်သွယ်ဆက်ဆံမှု ပိုမိုမြင့်မားလာမည်ဖြစ်သောကြောင့် စက်သုံးဆီနှင့်ပတ်သက်ပြီး အာမခံချက်တစ်ခုရရှိပြီးဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် မိမိတို့ လိုသမျှ ရရှိနိုင်မည်ဖြစ်၍ ဈေးနှုန်းအနေဖြင့် ထိန်းနိုင်မည်ဟု ပြောနိုင်ကြောင်း၊ မိမိတို့ လက်ရှိလုပ်နေသည့် ပြည်ပမူရင်းနိုင်ငံများမှ ဝယ်နိုင်သည့် အခွင့်အရေးကို မိမိတို့ရရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပိုမိုပြီးအဆင်ပြေချောမွေ့လာမည်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၈-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၂၅ | ၂၆၂၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၀ | ၂၉၈၅ |
| 95 Ron | ၂၅၇၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၀ | ၂၆၃၅ | ၂၆၂၀ | ၂၆၀၀ | ၂၆၉၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၇၀ | ၃၀၅၀ |
| HSD (500 ppm) | ၃၂၂၅ | ၃၂၇၅ | ၃၂၆၅ | ၃၂၃၅ | ၃၂၇၀ | ၃၂၉၅ | ၃၂၉၀ | ၃၂၆၀ | ၃၃၇၀ | ၃၃၆၅ | ၃၂၆၅ | ၃၂၇၀ | ၃၃၁၀ | ၃၃၁၀ | ၃၃၁၀ | ၃၅၃၀ | ၃၄၈၀ |
| HSD (50 ppm) | ၃၃၀၅ | ၃၃၅၅ | ၃၃၅၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၄၀ | ၃၄၅၀ | ၃၄၄၅ | ၃၃၄၅ | ၃၃၅၅ | ၃၃၉၀ | ၃၃၉၀ | ၃၃၉၀ | ၃၆၁၀ | ၃၅၁၅ |
| HSD (10 ppm) | ၃၃၀၅ | ၃၃၅၅ | ၃၃၅၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၄၀ | ၃၄၅၀ | ၃၄၄၅ | ၃၃၄၅ | ၃၃၅၅ | ၃၃၉၀ | ၃၃၉၀ | ၃၃၉၀ | ၃၆၁၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၈၂ | ၂၄၆၄ |
| 95 Ron | ၂၄၅၃ | ၂၅၃၅ |
| HSD (500 ppm) | ၃၀၉၃ | ၃၁၈၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၆၃ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ **စာမျက်နှာ ၁၁ မှ**

NLD အစိုးရလက်ထက်တွင် ပြည်တွင်း၊ ပြည်ပက မည်မျှရှိသည်ဟု အသေးစိတ်ပါပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသားပညာရှင်များ၏ အကြံပေးဝန်ဆောင်မှု ရယူရာတွင် နှစ်ခုလုံးဖြစ်ကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် ပြည်ပချေးငွေ အကူအညီရငွေတို့မှ ကျခံသုံးစွဲခဲ့ရကြောင်း၊ ချေးငွေပေးအပ်သည့်အဖွဲ့အစည်းများနှင့်ချုပ်ဆိုသည့် ချေးငွေဆိုင်ရာ စည်းမျဉ်းမှ ဆောင်ရွက်သည်များလည်းရှိကြောင်း၊ နိုင်ငံခြားပညာရှင်များ၏ အကြံပေးမှုဝန်ဆောင်မှုဆိုင်ရာ အသုံးစရိတ်များကို ချေးငွေစာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ လုပ်ခဲ့ခြင်းရှိကြောင်း၊ ငွေရမ်းသုံးစွဲမှုရရှိသည့်အကျိုးရလဒ်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ် မူတည်ကြောင်း၊ တချို့အကြံပေးအမည်ခံများကို ပေးရခြင်းမရှိကြောင်း၊ ပိုက်ဆံပေးရသည်ထက် ပိုမိုတန်ဖိုးကြီးသည့်အရာများပေးရကြောင်း၊ ငွေရေးကြေးရေးအရ ပေးရခြင်းမဟုတ်ကြောင်း၊ သို့သော် နိုင်ငံတော်၏လျှို့ဝှက်ချက်၊ နိုင်ငံတော်၏စီမံကိန်းတချို့သည် အရေးကြီးပြီး ပိုက်ဆံကအရေးမကြီးကြောင်း၊ ပိုက်ဆံထက် ပိုတန်ဖိုးကြီးသည့်အရာများက ပို၍အရေးကြီးသည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Trend Journal မှ အယ်ဒီတာချုပ် ဦးဝဏ္ဏ**က တရုတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားသည့် မြန်မာသံအမတ်နေရာတွင် အစားထိုးခန့်အပ်မည့်အစီအစဉ်ကို သိလိုကြောင်း၊ ရုရှားမှ စက်သုံးဆီများ ဝယ်ယူမည့်သတင်း၊ ဩဂုတ် ၁၆ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် ဝန်ကြီးချုပ် ပြောသွားခြင်းလည်းရှိကြောင်း၊ အွန်လိုင်းမီဒီယာများတွင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောဦးဆောင်ပြီး အဖွဲ့ဝင် ၁၀ ဦးပါသည့် ရုရှားမှ ဆီဝယ်ယူရေးကော်မတီကအဖွဲ့ကို ဖွဲ့စည်းလိုက်သည်ဟု သတင်းထုတ်ပြန်ထားသည့် သတင်းများတက်နေကြောင်း၊ ဆီကိစ္စနှင့်ပတ်သက်ပြီး ဩဂုတ် ၁၆ ရက်က ၇/၂၀၂၂ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ဆီကိစ္စကိုမပူရန် ဆီသင်္ဘောများလည်းလာနေပြီဟုပြောကြောင်း၊ ရုရှားကဆီများ တကယ်ရောက်လာပြီဆိုပါက ဆီလိုအပ်ချက်ရှိနေသည့် မြန်မာပြည်သူများအတွက် ဝမ်းသာစရာဖြစ်ကြောင်း၊ ယင်းကိစ္စကို အသေးစိတ် ရှင်းလင်းပေးစေလိုကြောင်း မေးမြန်းသည်။

### စက်သုံးဆီဈေးနှုန်းထိန်းနိုင်မည်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တရုတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်သည့် မြန်မာနိုင်ငံမှ သံအမတ်ကြီးသည် ကူမင်းမြို့ကို အစည်းအဝေးသွားရောက်စဉ် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ သံအမတ်အမြန်ဆုံးခန့်အပ် နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ခန့်အပ်နိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ ရုရှားနိုင်ငံမှ ဆီဝယ်ယူပြီး ဖြန့်ဖြူးရောင်းချနိုင်ရေးကိစ္စမတိုင်မီ ရုရှားနိုင်ငံခရီးစဉ်ကို နိုင်ငံတော်ဝန်ကြီးချုပ်သွားခဲ့သည်ကို မှတ်မိမည်ဖြစ်ကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော လိုက်ပါသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုအချိန်ကတည်းက ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ယခင်ကတည်းက ဆွေးနွေးမှုများရှိခဲ့ကြောင်း၊ ထိုခရီးစဉ်တွင် အပြီးသတ် သဘောတူညီချက်ရယူဆောင်ရွက်ခဲ့ကြောင်း၊ ယခုလောလောဆယ်တွင် စင်ကာပူနိုင်ငံမှ ဆီဝယ်ယူလျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံသည် ရေနံထွက်သည့် နိုင်ငံမဟုတ်ကြောင်း၊ စင်ကာပူနိုင်ငံသည် တခြားနိုင်ငံများမှ ရေနံနှင့်ရေနံချက် ပစ္စည်းများသွင်းပြီးမှ ရေနံချက်သည့်လုပ်ငန်းများလည်းရှိကြောင်း၊ ထို့အပြင် တစ်ဆင့်ခံရောင်းချနေခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် ရေနံမူရင်းထွက်သည့်နိုင်ငံဖြစ်ကြောင်း၊ မူရင်းထွက်သည့်နိုင်ငံဖြစ်သောကြောင့် မိမိတို့အနေဖြင့် လုပ်ဆောင်သည့်နေရာမှာ နှစ်ချက်ရှိကြောင်း၊ နံပါတ်(၁) ဈေးနှုန်းသက်သာရမည်၊ နံပါတ်(၂) အရည်အသွေးပြည့်မီပြီး လျင်လျင်မြန်မြန် ရနိုင်ရမည်ဖြစ်ကြောင်း၊ ယင်းနှစ်ချက်အပေါ်မူတည်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှားနှင့် မြန်မာသည် ဆက်သွယ်ဆက်ဆံမှု မြင့်မားနေသည့်အချိန်ဖြစ်ကြောင်း၊ နောင်တွင်လည်း ဆက်သွယ်ဆက်ဆံမှု ပိုမိုမြင့်မားလာမည်ဖြစ်သောကြောင့် စက်သုံးဆီနှင့်ပတ်သက်ပြီး အာမခံချက်တစ်ခုရရှိပြီးဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် မိမိတို့လိုသမျှ ရရှိနိုင်မည်ဖြစ်၍ ဈေးနှုန်းအနေဖြင့် ထိန်းနိုင်မည်ဟုပြောနိုင်ကြောင်း၊ မိမိတို့ လက်ရှိလုပ်နေသည့် ပြည်ပ မူရင်းနိုင်ငံများမှ ဝယ်နိုင်သည့် အခွင့်အရေးကို မိမိတို့ရရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပိုမိုပြီး အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်းကို သတင်းကောင်းပါးလိုကြောင်း၊

### ရေနံတူးဖော်ရေးလုပ်ငန်းများ၊ ရေနံရှာဖွေရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်

ထို့အပြင် လက်ရှိမြန်မာနိုင်ငံအတွင်းတွင် မိမိတို့လုပ်နေသည်မှာ နံပါတ်(၁) ရုရှားနိုင်ငံနှင့်ပူးပေါင်းပြီး ရေနံတူးဖော်ရေးလုပ်ငန်းများ၊ ရေနံရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံသာမက တရုတ်နိုင်ငံအပါအဝင် တခြားနိုင်ငံများဖြင့်လည်း ပူးပေါင်းပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် အနီးစပ်ဆုံးလုပ်ဆောင်နေခြင်းသည် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကုန်းတွင်းပိုင်း ရေနံလုပ်ကွက်များတွင် ရေနံအထွက်နှုန်း၊ သဘာဝဓာတ်ငွေ့အထွက်နှုန်း တိုးတက်အောင် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါခေါ်ပြီးဖြစ်ကြောင်း၊ မကြာမီတွင် လုပ်ငန်းများ စတင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် လုပ်ဆောင်သွားမည့် အကြမ်းဖျင်း အစီအစဉ်များသည် ယင်းတို့ကို တူးဖော်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် အထွက်တိုးလာလျှင် ထွက်ရှိလာသည့်အပေါ်တွင် ကုမ္ပဏီနှင့် မြန်မာ့ရေနံတို့က ခံစားမည်ဖြစ်ကြောင်း၊ ယင်းတို့သည် ပြည်သူလူထုလက်ထဲသို့ ရောက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရေနံထွက်နှုန်း အသင့်အတင့်ရှိသည့် တွင်းတိမ်ရေနံတူးဖော်ရေးလုပ်ငန်းများကိုလည်း စနစ်တကျလုပ်ကြရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်က မှာကြားပြီးဖြစ်ကြောင်း၊ အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများအပါအဝင် အစိုးရဝန်ကြီးဌာနများအားလုံး ပါဝင်ပြီး အစည်းအဝေးတွင် ယင်းကိစ္စများနှင့်ပတ်သက်၍ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ကျန်သည့် ရေနံစွမ်းအင်လုပ်ငန်းအတွက်လည်း စွမ်းအင်နှင့်ပတ်သက်ပြီး တိုးတက်ရေးအတွက်လည်း ဦးစီးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ပြောလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးနှင့်ပတ်သက်ပြီး Sector တိုင်း Sector တိုင်းတွင် တိုးတက်မှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ခုဝန်ခံလိုသည်မှာ အနှောင့်အယှက် အဖျက်အဆီးများရှိနေကြောင်း၊ ဥပမာ MOGE ၏ လုပ်ငန်းများ တွင်ကျယ်လာပြီး စွမ်းအင်ဝန်ကြီးဌာန တွင်ကျယ်လာသည်နှင့်အမျှ ဆန့်ကျင်ဘက် အဖွဲ့အစည်းများက အမျိုးမျိုးပြောဆိုနေကြခြင်းကို မီဒီယာကြီးများအနေဖြင့် ကြားသိမည်ဖြစ်ကြောင်း၊ ယင်းကို Sanction လုပ်ရန် အော်နေသည့် အသံမျိုးများကြားရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင် စားသောက်ကုန်များ အလုပ်ဖြစ်လာလျှင်လည်း အမျိုးမျိုးပြောကြမည်ဖြစ်ကြောင်း၊ ယင်းအဖျက်အဆီးများကို ကြုံတွေ့နေရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများကို ယခင် အချိန်ကတည်းက ကြုံကြုံခံပြီး ကျော်လွှားခဲ့ကြောင်း၊ ယခုအချိန်အခါတွင်လည်း မိမိတို့ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရှင်ဇိုအာဘေးလုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ဂျပန်အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ ရာထူးမှနုတ်ထွက်

**တိုကျို ဩဂုတ် ၂၅**

ဂျပန်အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲက လွန်ခဲ့သောလအတွင်း ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး ၎င်းတွင် တာဝန်အပြည့်အဝရှိကြောင်းနှင့် ၎င်းအနေဖြင့် ရာထူးမှနုတ်ထွက်သွားမည်ဖြစ်ကြောင်း ယနေ့ပြောကြားသည်။

အခင်းဖြစ်ပွားစဉ် လုံခြုံရေးချထားမှုနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်သည့် ကြေညာချက်တစ်ရပ် ထွက်ပေါ်လာခဲ့ပြီးနောက် ဂျပန်ရဲတပ်ဖွဲ့ဌာနအကြီးအကဲ နာကာမူရာအီတာယုက ရာထူးမှနုတ်ထွက်ရန် ကြေညာခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့သော အဖြစ်အပျက်မျိုး နောင်လာမည့်အနာဂတ်တွင် မဖြစ်ပွားစေရန် လုံခြုံရေးဖြန့်ကြက်ထားရှိမှုစနစ်ကို ထပ်မံအဆင့်မြှင့်ဆောင်ရွက်သွားရန်လိုအပ်သည်ဟု ယုံကြည်ပါကြောင်း နာကာမူရာအီတာယုက ဆိုသည်။ ထို့ပြင် ၎င်း၏နုတ်ထွက်စာကို ဂျပန်အမျိုးသားပြည်သူ့လုံခြုံရေးကော်မရှင်သို့ ပေးပို့ခဲ့ကြောင်း နာကာမူရာအီတာယုက ပြောကြားခဲ့သည်။

နာကာမူရာအီတာယု၏ နုတ်ထွက်စာကို ဩဂုတ် ၂၅ ရက်တွင် ကျင်းပမည့် ဂျပန်အစိုးရအဖွဲ့ အစည်းအဝေးတွင် အတည်ပြုသွားဖွယ်ရှိကြောင်း သိရသည်။

ဇူလိုင် ၈ ရက်တွင် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် နိုင်ငံအနောက်ပိုင်းရှိ နာရာမြို့၌ ပါတီမဲဆွယ်စည်းရုံးရေးဟောပြောစဉ် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး သေဆုံးခဲ့သည်။ အဆိုပါဖြစ်စဉ်၏ နောက်ကွယ်တွင် လုံခြုံရေးဖြန့်ကြက်ထားရှိမှုဆိုင်ရာ ပြဿနာတစ်ရပ်ရှိနေမည်ဟု ယုံကြည်ရကြောင်း ဂျပန်အမျိုးသားရဲတပ်ဖွဲ့က ဆိုသည်။

နာကာမူရာအီတာယုသည် ဂျပန်အမျိုးသားရဲတပ်ဖွဲ့သို့ ၁၉၈၆ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ပြစ်မှုစုံစမ်းစစ်ဆေးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ အသက် ၅၉ နှစ်အရွယ်ရှိပြီဖြစ်သည့် နာကာမူရာအီတာယုသည် ဂျပန်အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲရာထူးကို တာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်နီးပါးသာရှိသေးကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး လုံခြုံရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုအရ လုံခြုံရေးဖြန့်ကြက်ထားရှိမှုအခြေအနေ အားနည်းကြောင်း၊ လုံလောက်သည့် ညွှန်ကြားမှုနှင့် သတင်းအချက်အလက် ဖြန့်ဝေမှုမရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဝန်ကြီးချုပ်အာဘေးအနီးသို့ လုပ်ကြံသတ်ဖြတ်ရန် ချဉ်းကပ်လာသည့် တရားခံအား သတိပြုတားမြစ်ရန် လုံခြုံရေးအရာရှိများ ပေါ့လျော့ခဲ့ကြောင်း ရဲတပ်ဖွဲ့ဌာနက ပြောကြားခဲ့သည်။




**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံရှိ စိုက်ပျိုးမြေ ၆၁ ရာခိုင်နှုန်းကို ဆည်မြောင်းစနစ်က အကျိုးပြု

**ဖနောင်ပင် ဩဂုတ် ၂၅**

ကမ္ဘောဒီးယားနိုင်ငံရှိ ဆည်မြောင်းစနစ်သည် နိုင်ငံအတွင်းစိုက်ပျိုးမြေများ၏ ၆၁ ရာခိုင်နှုန်းကို အကျိုးပြုနေကြောင်း ကမ္ဘောဒီးယားနိုင်ငံရေအရင်းအမြစ်နှင့် မိုးလေဝသဆိုင်ရာဝန်ကြီး ဘင်ဟန်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ စိုက်ပျိုးမြေများ၏ ၆၁ ဒသမ ၃၇ ရာခိုင်နှုန်းရှိသည့် စိုက်ပျိုးမြေ ၁၈၈၉၁၁၂ ဟက်တာအား ရေပေးနိုင်ရေးအတွက် ဆည်မြောင်းစနစ်ကို ရေအရင်းအမြစ်နှင့် မိုးလေဝသဆိုင်ရာဝန်ကြီးဌာနက အဆင့်မြှင့်တင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံအတွင်းရှိ ဆည်မြောင်းစနစ်ကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ပြီးခဲ့သည့် ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၆၅ သန်းသုံးစွဲခဲ့ကြောင်းနှင့် နိုင်ငံအတွင်းရှိ ဆည်မြောင်းစနစ်များ အဆင့်မြှင့်တင်ရေးအတွက် တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်နိုင်ငံတို့အပြင် အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီရယူခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းအဆင့်မြှင့်တင်ရေးမှာ အရေးပါကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် လူဦးရေ ၁၆ သန်းရှိသည့်အနက် ၇၅ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃ ဒသမ ၁၂ သန်းရှိကာ ၂၀၂၁ ခုနှစ်တွင် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ ၂၄ ဒသမ ၄ ရာခိုင်နှုန်းကို စိုက်ပျိုးရေးလုပ်ငန်းမှရရှိခဲ့ကြောင်း သိရသည်။

ဆန်စပါးသည် နိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၁၂ ဒသမ ၂ သန်းကို စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**




# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများဖြစ်ပွား

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၅**

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်လာသည့် ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် ယခုအချိန်အထိ ၉၀၃ ဦးသေဆုံးပြီး ၁၃၀၀ ဒဏ်ရာရရှိကာ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။ နိုင်ငံတစ်ဝန်းမိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ပြီးခဲ့သည့်တစ်ရက်အတွင်း ၇၀ သေဆုံးကာ အိမ်ခြေ ၈၂၀၀၀ ပျက်စီးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် အကူအညီများ ပေးအပ်ရေးအတွက် ပါကစ္စတန်နိုင်ငံက နိုင်ငံတကာအား တောင်းဆိုခဲ့သည်။

နိုင်ငံအတွင်း ယခုအချိန်တွင်ဖြစ်နေသည့် သဘာဝဘေးများအတွက် အစားအစာနှင့် နေထိုင်စရာနေရာများရရှိရေးအပါအဝင် ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ကြရေးအတွက် နိုင်ငံတကာမှ အကူအညီများလိုအပ်ကြောင်း ပါကစ္စတန်နိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး ရှယ်ရင်ရက်မမ်းက ပြောကြားသည်။

နိုင်ငံတောင်ပိုင်းရှိ ဆင်းဒ်ပြည်နယ်သည် သဘာဝဘေးအများဆုံးခံခဲ့ရပြီး ဒေသခံ ၂၉၃ ဦး သေဆုံးခဲ့သည်။ နိုင်ငံအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် အိမ်ခြေ ၄၉၅၀၀၀ ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၆ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၅**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၆၅၁၈၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၆၃၁ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၁ ဦး ထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၁၇၇ ဦးရှိကြောင်း သိရသည်။

သို့သော် လူနာ ၃၂၀၆ ဦး ရောဂါမှပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၆၉၄၀၄၁ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၄၉၇၀ ရှိသည်။ ယင်းတို့အနက် ၆၇ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၃၆ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၁ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၃ ဦး ထပ်မံသေဆုံး

**မနီလာ ဩဂုတ် ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၃ ဦးထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၁၅၁၉ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၃၁၂၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၆၇၀၇၁ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၁၀၃၇ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၈၈၇ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၃ သန်းကျော်အား ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် ကျွန်းသစ်၊ ရေနံစိမ်း၊ ထိန်းချုပ်ဓာတုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Iron Pipe ကီလိုဂရမ် ၁၀၁၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN TGX အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)နှင့် VOLVO FH အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်အတွင်း တရားမဝင်ရေနံစိမ်း ၁၂၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၄၂၈)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ တရားမဝင်ကျွန်းခွဲသား ၅၅ ဒသမ ၀၉၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၆၅၀၇၆)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၇၅၅၀၄** ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပိတ်ပင်တားမြစ်ပစ္စည်းဖြစ်သည့် Toluene ဟု ယူဆရသောအရည် လီတာ ၁၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့်လုပ်ငန်းသုံးစက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ဩဂုတ် ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဌာနမှူးဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ၈၆ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀)၊ အသင့်စားခေါက်ဆွဲထုပ်နှင့်မုန့်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ယနေ့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်ကျွန်းသစ် သုည ဒသမ ၄၅၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၀၀)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၂၈၅၀၀** ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၂၊ ၂၃ နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၅၈၄၀၀၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြောက်ဥက္ကလာပမြို့နယ်၌ ငွေကျပ် သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် ညနေ ၃ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် သုခမ္မာလမ်းမကြီးနှင့် ဘုမ္မာလမ်းထောင့်တွင် သန်းဇော်စိုး(ခ)ဖိုးထော် ကို IPSUM အမျိုးအစား ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ နေမျိုးရည်ဦး(ခ)ငမျိုး၊ ရဲတေဇာ(ခ)ဝင်းကိုနှင့် ဇင်မောင်မောင်တို့ကို ဆိုင်ကယ်နှစ်စီးဖြင့်လည်းကောင်း မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



နေမျိုးရည်ဦး(ခ)ငမျိုး၊ သန်းဇော်စိုး(ခ)ဖိုးထော်၊ ရဲတေဇာ(ခ)ဝင်းကိုနှင့် ဇင်မောင်မောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားပြည်သူများသို့ စားအုန်းဆီများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်ရှိ အမှုဆောင်အဖွဲ့များနှင့် သမဝါယမအသင်းသားပြည်သူများ စားအုန်းဆီ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် မြောက်ဥက္ကလာပမြို့နယ်၌ စားအုန်းဆီပိဿာချိန် ၆၆၀ ကိုလည်းကောင်း၊ လှိုင်၊ မရမ်းကုန်းနှင့် အလုံမြို့နယ်တို့၌ စားအုန်းဆီပိဿာချိန် ၆၆၀ ကို လည်းကောင်း၊ ဗဟန်းမြို့နယ်၌ စားအုန်းဆီပိဿာချိန် ၆၆၀ ကိုလည်းကောင်း တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ နှုန်းဖြင့် သမဝါယမအသင်း အမှုဆောင်များနှင့် သမဝါယမအသင်းသားပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၈-၂၀၂၂ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ ပေဋ္ဌသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စစ်မီးငြိမ်းချိန်တန်ပါပြီ
- ၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
- ၀၉:၃၀ ဂုဏ်ရှိန်ဝင့်ထည် စာပေဗိမာန်ဝယ်
- ၀၉:၄၅ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့အိပ်မက်တန်ဖိုး'** (အပိုင်း-၁၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၁၇)
- ၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၇:၁၀ "ASEAN Information Exchange Initiative Program 2022" (Part-6)
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာ သိရိဂေဟာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့အိပ်မက်တန်ဖိုး'** (အပိုင်း-၁၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဂီတစာဆိုမောင်ကြေးမုံအမှတ်တရတေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)

**mitv**

- 07:02 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Wushu Kids & Their Limit (Ep-2)
- 07:22 Ancient Heritage In Natalin
- 07:33 Historic Of Kyaukka Shwe Gu Ni Pagoda
- 07:40 Ecotourism: Naga Traditional Customs
- 08:01 Skilful Marionette Performance of New Generation Artistes
- 08:16 Excavation at Kawhmu
- 08:27 Home Grown Treasure (Part-1)
- 08:47 Patchwork Bags
- 09:01 News
- 09:26 Global Partnership for Brighter Future: Spain Pavilion at Expo 2020 Dubai
- 09:35 Myanma Traditional Art, Silversmith
- 09:38 On the River

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပန်းလိုပွေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ရှားစောင်းလက်ပတ်ရဲ့အစွမ်း

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အဓိပ္ပါယ်များ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်ဆန်လျော်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
လှမ်းခဲ့ပါလေကယန်းပန်ပက်ဒေသဆီ

**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသော ဖိနပ်လေးများ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အနောက်တောင်အရပ်ကကျွန်းမြို့ဆီသို့

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း အင်ဒိုနီးရှားနိုင်ငံ
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၇:၂၀ ပြုံးပန်းဝေဖြာတို့တောရွာ (စိုက်ပျိုးရေး-ဇာတ်လမ်းတို)
- ၀၈:၀၀ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အပင်ဗီဇမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကြပါစို့
- ၀၉:၁၅ GAP အဆင့်မြင့်ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း
- ၀၉:၄၀ နှစ်ရှည်ဝင်ငွေတိုးစေဖို့ စပျစ်စိုက်ကြစို့

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




## ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

**✳ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

နေပြည်တော် ဩဂုတ် ၂၅

ဒေသတွင်းစားနပ်ရိပ်ကျွာဖူလုံရေး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး စသည့် ရာသီသီးနှံများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောက်ဆည်မြို့နယ်၌ မိုးစပါးသီးနှံ ၄၆၀၆၇ ဧကနှင့် သီးနှံမျိုးစုံ ၁၂၀၀၂ ဧက စိုက်ပျိုးပြီးစီး

ကျောက်ဆည် ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ဆည်ရေသောက်၊ မိုးကောင်းရေသောက်၊ မြေအောက်ရေများဖြင့် ဆန်စပါးနှင့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိုးစပါးသီးနှံ ၄၆၀၆၇ ဧကနှင့် သီးနှံမျိုးစုံ ၁၂၀၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စပါးသီးနှံများ စိုက်ပျိုးရာတွင် ရောမင်း၊ မနောသုခ၊ ရွှေမနော်၊ ဆင်းသုခ စပါးမျိုးများကို ၄၆၀၆၇ ဧက နှင့် မြေပဲသီးနှံ ၈၂ ဧက၊ နှမ်းသီးနှံ ၁၉၃၃ ဧက၊ နေကြာသီးနှံ ၂၁၄၉ ဧက၊ ပဲတီစိမ်း ၃၇၀၇ ဧက၊ ပဲစင်းငုံ ၁၈၆ ဧက၊ အခြားပဲမျိုးစုံ ၁၈၈၇ ဧက၊ ငရုတ် ၈၃၉ ဧက၊ နနွင်း ၉၆၉ ဧက၊ ပြောင်းဖူး ဧက ၂၅၀ စုစုပေါင်း ၁၂၀၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးသီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုများ အောင်မြင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်နေ ခင်နန္ဒာလှိုင်သည် ၎င်းအသုံးပြုသည့် “Khin Nanndar Hlaing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၉) ရပ်ကွက်နေ မျိုးဝင်းကျော်(ခ)မျိုးမျိုးသည် ၎င်းအသုံးပြုသည့် “Myo Myo” Facebook အကောင့်၊ ဒေါပုံမြို့နယ် ဗိုလ်မင်းဇံရပ်ကွက်နေ ကျော်စွာထက်(ခ) ပေါ်လာနှင့် ရဲနောင်ထွန်းတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Paw Lar” Facebook အကောင့်နှင့် “Ye Naung Htun” Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၉)ရပ်ကွက်နေ နေလင်းအောင်သည် ၎င်းအသုံးပြုသည့် “Nay Linn Aung” Facebook အကောင့်နှင့် မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်နေ အောင်စိုးမင်း(ခ) မင်းမင်းသည် ၎င်းအသုံးပြုသည့် “Min Min” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူတို့အား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် တပ်မတော်မှ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများ၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ရာသီသီးနှံ စိုက်ပျိုးထားရှိမှု၊ တစ်သျှူးငှက်ပျောစိုက်ပျိုးထားရှိမှု၊ ပဲစင်းငုံ စိုက်ပျိုးထားရှိမှု၊ ကြံစိုက်ပျိုးထားရှိမှု၊ နေကြာစိုက်ပျိုးထားရှိမှု၊ ဥစားကြက်မွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှု၊ ဆိတ်မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှုနှင့် ဒေသနွားမွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## စားသုံးဆီဖူလုံစေရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေကြာ ဧက ၈၄၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၅

ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုဖြင့် ဆီထွက်သီးနှံ ဖူလုံစွာစားသုံးနိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စားသုံးဆီဖူလုံစေရန် နေကြာ ဧက ၈၄၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ရွှေရောင်လွှမ်းသောစိုက်ခင်းများ ဖုံးလွှမ်းရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

**နေကြာ ၈၄၆၅ ဧက စိုက်ပျိုးမည်**

မြို့နယ်ပေါင်း ၁၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၂၉၇ ရွာတွင် တောင်သူ ၂၆၈၆ ဦးက မိုးစပါးရိတ်သိမ်းပြီးစ အောက်တိုဘာလ နောက်ဆုံးပတ်နှင့် နိုဝင်ဘာလပထမပတ်တို့၌ မြေအောက်အစိုဓာတ်ရှိနေချိန်တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်းနှင့်အတူ ဆောင်းနေကြာကို စိုက်ပျိုးသွားမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေကြာ ၁၃၉ ဧကကျော် စိုက်ပျိုးခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၈၄၆၅ ဧက စိုက်ပျိုးမည်ဖြစ်သည်။

**ရွှေရောင်လွှမ်းသော တိုင်းဒေသကြီးတစ်ခုအဖြစ်**

"တစ်နိုင်ငံလုံး ဆောင်းနေကြာစိုက်မှာဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးအနေနဲ့လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုနဲ့ ဆောင်းနေကြာ ၈၄၆၅ ဧက စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။ အရင်က ပဲ၊ နှမ်း စိုက်ခဲ့တဲ့ ကျေးရွာများက ဆက်ပြီး ဆီထွက်သီးနှံ စိုက်သွားမှာပါ။ ဒီနှစ်ကစပြီး နေကြာစိုက်တဲ့ရွာတွေမှာ မိုးစပါးရိတ်ပြီးစ အောက်တိုဘာလနောက်ဆုံးပတ်မှာ စိုက်ပျိုးနိုင်တဲ့ရွာတွေကို လျာထားဆောင်ရွက်ထားပါတယ်။ အချို့လည်း သီးညှပ်၊ အချို့လည်း နေကြာ



သီးနှံစိုက်ကြမှာပါ။ ဒီနှစ် ရန်ကုန်တိုင်းဒေသကြီးမှာ ရွှေရောင်လွှမ်းတဲ့ နေကြာစိုက်ခင်းတွေ ဖုံးလွှမ်းနေတာကို တွေ့ရမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

**ရိတ်သိမ်းမည်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်တွင် မြေပဲ ၃၇၆၃ ဧက၊ နှမ်း ၅၀၆၁ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ်ရာသီ၌ ယမန်နှစ်ကနည်းတူ မြေပဲနှင့် နှမ်းကို ပုံမှန်စိုက်ပျိုးသွားမည်ဖြစ်သည်။ နေကြာခင်းများကို သီးသန့်စိုက်ပျိုးသော မြို့နယ်များနှင့် မြေပဲ၊ နှမ်းနှင့် နေကြာသီးညှပ်စိုက်ပျိုးသော မြို့နယ်များဖြင့် လိုက်လျောညီထွေမှုရှိသော မြေအမျိုးအစားနှင့်အညီ ဆီထွက်သီးနှံများကို စိုက်ပျိုးကြမည်ဖြစ်ရာ နေကြာကို ၈၅ ရက်အကြာတွင် ရိတ်သိမ်းကြမည်ဖြစ်သည်။

**စားသုံးဆီဖူလုံစေရန် ရည်မှန်းဆောင်ရွက်**

၂၀၂၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းနေကြာ ၁၃၉ ဧက စိုက်ပျိုးခဲ့ကာ တိုက်ကြီးမြို့နယ်၌ ၆၉ ဧကဖြင့် နေကြာအများဆုံးစိုက်ပျိုးခဲ့ပြီး ယခုနှစ်ရာသီတွင်လည်း တိုက်ကြီးမြို့နယ်၌ ဆီထွက်နေကြာ အများဆုံး စိုက်ပျိုးမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးရန် လျာထားဆောင်ရွက်မှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရွှေရောင်လွှမ်းသော နေကြာစိုက်ခင်း ၈၄၆၄ ဧကဖြင့် စားသုံးဆီဖူလုံစေရန် ရည်မှန်းဆောင်ရွက်ထားကြောင်း သိရသည်။

သတင်း - ညီမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၇-၈-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ်(၃၅)တွင်** မိမိ၏ဘဝကို မကျေနပ်ဘဲ ငှက်တို့၏ဘဝကို အားကျကာတုပမိ၍ ဒုက္ခရောက်ရသော ဝက်ဝံလေးအကြောင်းကို တင်ဆက်ထားသည့် "အတုနဲ့ အစစ်" မျက်နှာဖုံးဇာတ်လမ်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စေနိုင်ရေးကို တစ်ကမ္ဘာလုံး သတိထားမိစေရန် စတင်ခဲ့သည့် စာရေးဆရာမရေချယ်ကာဆန်အကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "သဘာဝပတ်ဝန်းကျင်ချစ်ခင်သူ ရေချယ်ကာဆန်"သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ ပညာဉာဏ်ဗဟုသုတနှင့် ပြည့်စုံပါကနွားကျောင်းသားပင်ဖြစ်သော်လည်း မင်းသမီးလေး၏ ကြင်ရာဖက်အဖြစ် ရွေးချယ်ခံရပုံကို တင်ဆက်ထားသည့် "နွားကျောင်းသားနဲ့ ရွှေမင်းသမီးလေး" နှစ်မျက်နှာကာတွန်း၊ မိဘများအနေဖြင့် သားသမီးများကို နွေးနွေးထွေးထွေးဆက်ဆံကာ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်သင့်ပုံကို တင်ဆက်ထားသည့် "မှတ်တမ်းတစ်ခု"ဝတ္ထု၊ သူငယ်ချင်းအချင်းချင်း မြှောက်ပင့်ပြောဆိုကာ မုန့်ကပ်စားတတ်သော ဖိုးတစ်တိုအကြောင်းကို တင်ဆက်ထားသည့် "ဖိုးတစ်တို"တစ်မျက်နှာကာတွန်း၊ မိမိ၏ပျော်ရွှင်မှုကို ရယူလို၍ လူအများကို လှည့်ဖြားပြောဆိုမှုကြောင့် မိမိအမှန်တကယ် အကူအညီလိုသောအခါ၌ အကူအညီမရဘဲ ဒုက္ခနှင့်ကြုံတွေ့ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မိုက်မဲတဲ့သိုးကျောင်းသားလေးမောင်ညို" ပုံပြင်၊ ဖြတ်ထိုးဉာဏ်ကောင်း၍ အသက်ဘေးမှလွတ်မြောက်ခဲ့သော ယုန်လေးအကြောင်းကို တင်ဆက်ထားသည့် "ပြေးနိုင်လွှားနိုင်မှ" နှစ်မျက်နှာကာတွန်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းနေစဉ်ကာလတွင် မိမိတို့၏ ရည်မှန်းချက် အောင်မြင်စေရန် စာကြိုးစားသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "အသိတစ်ခုရရှိခြင်း"နှစ်မျက်နှာကာတွန်း၊ Conjections များ၏ အသုံးအနှုန်းနှင့် ဝါကျများတွင် ထည့်သွင်းအသုံးပြုပုံအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




သတင်းစဉ်

## မိုင်းရယ်မြို့၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အထိမ်းအမှတ်ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

မိုင်းရယ် ဩဂုတ် ၂၅

မိုင်းရယ်မြို့၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအတွက် မိုင်းရယ်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲမှူး မင်းအောင်က လူကုန်ကူးမှုအကြောင်းသိကောင်းစရာများနှင့် လူကုန်ကူးမှုဖြစ်စဉ်များ၊ တားဆီးကာကွယ်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်ပြီး လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ မိုင်းရယ်မြို့ပေါ်ရှိ အထကနှင့် အလကတို့မှ ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပြသထားသည့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအထိမ်းအမှတ် နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)



## စာအုပ်စာပေ လူ့မိတ်ဆွေ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၆၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၆၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၄၄ ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၃ ဦးအနက် ခြောက်ဦး၊ ၁၈ ဒသမ ၁၈ ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး၂၇ ဦး၊ ၈၁ ဒသမ ၈၂ ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈၆၉၉၃၁၅ ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၆၁၄၈၄၄ ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၁၀ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း ၅၉၃၃၆၅ ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၇ ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

### ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၂၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၆) ဦး | (၁၈.၁၈) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၇) ဦး | (၈၁.၈၂) % |
| စုစုပေါင်း | (၃၃) ဦး | (၁၀၀) % |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၇၃၄၀၈၄ | ၉၁၀၄၂၇၈၉ | ၁၀၆၇၅၄၉ |
| ၂။ | အိန္ဒိယ | ၄၄၃၇၈၉၂၀ | ၄၃၇၅၇၃၈၅ | ၅၂၇၄၈၈ |
| ၃။ | ပြင်သစ် | ၃၄၄၀၈၉၀၁ | ၃၃၈၄၀၁၆၈ | ၁၅၃၇၆၂ |
| ၄။ | ဘရာဇီး | ၃၄၃၂၉၆၀၀ | ၃၃၃၂၉၀၂၉ | ၆၈၃၁၃၁ |
| ၅။ | ဂျာမနီ | ၃၁၉၇၀၇၇၉ | ၃၀၉၇၃၆၀၀ | ၁၄၆၉၁၃ |
| ၆။ | ဗြိတိန် | ၂၃၄၉၂၈၇၅ | ၂၃၁၄၇၁၀၇ | ၁၈၇၇၆၁ |
| ၇။ | တောင်ကိုရီးယား | ၂၂၇၀၁၉၂၁ | ၂၀၄၆၂၉၀၄ | ၂၆၃၃၂ |
| ၈။ | အီတလီ | ၂၁၇၂၁၆၃၀ | ၂၀၈၁၈၇၇၅ | ၁၇၅၀၄၃ |
| ၉။ | ရုရှား | ၁၉၂၆၅၅၂၁ | ၁၈၄၀၁၃၈၇ | ၃၈၃၈၂၉ |
| ၁၀။ | ဂျပန် | ၁၇၇၅၆၆၅၈ | ၁၅၆၇၂၉၇၂ | ၃၇၈၈၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၉၆၂၀၅ | ၁၀၁၁၆၉၂၇ | ၄၃၁၁၀ |
| ၂။ | အင်ဒိုနီးရှား | ၆၃၃၄၃၅၇ | ၆၁၂၉၁၂၂ | ၁၅၇၄၅၇ |
| ၃။ | မလေးရှား | ၄၇၆၅၁၈၈ | ၄၆၉၄၀၄၁ | ၃၆၁၇၇ |
| ၄။ | ထိုင်း | ၄၆၄၁၂၆၃ | ၄၅၉၁၀၆၃ | ၃၂၁၄၁ |
| ၅။ | ဖိလစ်ပိုင် | ၃၈၆၇၀၇၁ | ၃၇၇၄၅၁၅ | ၆၁၅၁၉ |
| ၆။ | စင်ကာပူ | ၁၈၂၄၈၃၂ | ၁၇၄၄၅၇၇ | ၁၅၈၆ |
| ၇။ | မြန်မာ | ၆၁၄၈၄၄ | ၅၉၃၃၆၅ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၅၉၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၄၉၇ | ၁၃၄၂၇၇ | ၃၀၅၆ |

# ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့အထက၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ကျောက်တံခါး ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ အထက ပညာတံခွန်ခန်းမဆောင်၌ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပဲနွယ်ကုန်းမြို့ အုပ်ချုပ်ရေးမှူး ဦးရဲသွေးညီညီက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းမင်းလတ်က မီးဘေးအန္တရာယ်များ ဖြစ်ပေါ်ကြုံတွေ့လာရမှု အခြေအနေများနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်းရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဆန်းလွင်က မီးဘေး၊ ရေဘေး၊ လေဘေးနှင့် သဘာဝဘေးအမျိုးမျိုးတို့တွင် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အမြဲတမ်းဝိုင်းဝန်းကူညီဆောင်ရွက်ပေးသောစေတနာ့ဝန်ထမ်းများဖြစ်ပြီး သဘာဝဘေးကြောင့် ဆုံးရှုံးနစ်နာမှုများအတွက် မိမိတို့ ကြက်ခြေနီ တပ်ဖွဲ့အနေဖြင့် ထောက်ပံ့ကူညီမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မင်းထက်နှင့် တာဝန်ရှိသူများက သဘာဝဘေးများဖြစ်ပေါ်ကျရောက်လာတတ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးများနှင့် ပတ်သက်သည့်အကြောင်းအရာများနှင့် ကြိုတင်ပြင်ဆင်ရှောင်ရှားတတ်စေရန် Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ပဲနွယ်ကုန်းအထက ကျောင်းအုပ်ဆရာမကြီး ဒေါ်သွယ်သွယ်ဦးထံ သဘာဝဘေးအသိပညာပေး ဗီနိုင်းပိုစတာများကိုမြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခင်ကို(ကျောက်တံခါး)**

### မနက်ဖြန်မွန်းတည့်ချိန် အထိခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

နွယ်နွယ်ထွန်းက မျိုးထွန်းသိန်းကို လှမ်းပြောသည်။

"ကိုမျိုး၊ သူ့ကို လောလောဆယ် အိမ်ထဲကို သယ်သွားရအောင်"

မျိုးထွန်းသိန်းက ဒေါ်ခေမာ၏ကိုယ်ကို ပွေ့ယူသည်။

လူနှစ်ယောက်က သူ့ကို ကူညီကြသည်။

သို့ဖြင့် မကြာမီ ဒေါ်ခေမာသည် အိမ်အတွင်း ရောက်ရှိလာရသည်။ နွယ်နွယ်ထွန်းကိုယ်တိုင် ဆေးရုံသို့ ဖုန်းဆက်ကာ လူနာတင်ကားကို ခေါ်ယူလိုက်သည်။ စင်စစ် သူ့၌ ဆေးပစ္စည်း ပါမလာသဖြင့် မည်သို့မျှ တတ်နိုင်မည်မဟုတ်သည်ကို သိသည်။ သို့ရာတွင် လောလောဆယ်၌ သွေးတိတ်စေရန်နှင့် ဒဏ်ရာသက်သာစေရန်သာ တတ်နိုင်ပေလိမ့်မည်။ ကျန်အပိုင်းကမူ ဆေးရုံ၏ အလုပ်သာ ဖြစ်ပေလိမ့်မည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒေါ်ခေမာ၏ မျက်နှာကို စူးစိုက်ကြည့်နေသည်။ သူ့နှယ်ပင် မျိုးထွန်းသိန်းသည်လည်းကောင်း၊ နန်းကိန္နရီသည်လည်းကောင်း စူးစိုက်ကြည့်နေကြသည်။ ဒေါ်ခေမာသည် လူးလွန့်လာသည်၊ လှုပ်ရှားလာသည်။ ပါးစပ်မှ ညည်းသံသဲ့သဲ့ ထွက်လာသည်။ မျက်စိများကား ပွင့်မလာသေး။

ခြံထဲမှာ လူအချို့ရှိနေကြသေးသည်။ ခွေးချင်းကိုက်သည်ကိုပင် ဝိုင်းဝန်းကြည့်လေ့ရှိသော ရန်ကုန်သားတို့ ဇာတိအတိုင်း ရုတ်တရက်ထွက်ခွာသွားရန် ဝန်လေးနေကြပုံ ပေါ်သည်။ မျိုးထွန်းသိန်း၏မိတ်ဆွေတစ်ယောက်က နှင်ရသည်။ သို့ဖြင့် မကြာမီ မှာပင် သူတို့ ရှဲသွားသည်။ လူစုကွဲသွားသည်။

ဒေါ်ခေမာသည် ပိုမိုညည်းညူသံပြုလာသည်။ မျက်လုံးများ ပွင့်လာသည်။ အစသော် သူ၏အမြင်မှာ အားလုံးဝေဝါးနေသည်။ နှင်းဖြင့် မှုန်ဝေနေသည့်သို့ရှိသည်။ ကိုယ်အနှံ့အပြားမှ နာကျင်နေသည်။ အသည်းတဆတ်ဆတ် ခါရနေတော့မတတ် နာကျင်နေသည်။ အသိကိုလည်း စုစည်း၍ မရ။ တာစူ၍ မရ။ ဝိညာဉ်သည် အဆုံးအစမရှိသော စကြဝဠာအတွင်း လွင့်မျောနေရသည်။

မျိုးထွန်းသိန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား လက်တို့ခေါ်ယူလိုက်သည်။ လူရှင်းသောနေရာသို့ ရောက်လာကြသည်။

"ကျွန်တော် မှတ်မိပြီ"

မျိုးထွန်းသိန်း၏မျက်နှာမှာ တစ်မျိုးတစ်မည် ဖြစ်နေသည်။ ကြေကွဲဝမ်းနည်းနေသည်လား၊ တုန်လှုပ်ချောက်ချားနေသည်လား မပြောတတ်။

"သူ၊ သူဟာ ရီရဲ့မေမေ။ ဒေါ်ခင်သန်းနွဲ့"

"ဒေါ်ခင်သန်းနွဲ့"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ယင်းအမည်ကို တအံ့တသြကြီး ပဲ့တင်ထပ်လိုက်လေသည်။

x x x x x

[၅]

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒေါ်ခေမာဘက်သို့ စူးစိုက်စွာ လှမ်းကြည့်လိုက်သည်။ ယခုမှပင် အမှတ်တရရှိလာသည်။ ရုံးတော်တွင် အမှုနှင့်ပတ်သက်၍ အစစ်ခံနေစဉ်က ရုပ်သွင်ကို ပြန်လည်မြင်ယောင်လာသည်။

"ဒါကြောင့် စောစောကတည်းက မြင်ဖူးတယ်လို့ အောက်မေ့နေတာ။ လက်စသတ်တော့ သူကိုး"

ဒေါ်ရေနံ့သာခင်ခင်ကြီး မှတ်ချက်ချသည်။ သူ၏ စိတ်ထဲမှ ဒေါ်ခေမာသည် နန်းကိန္နရီရှိရာသို့ အမှတ်မထင်ဆိုသလို ရောက်ရှိလာခဲ့ခြင်းသာ ဖြစ်လိမ့်မည်ဟု ထင်နေသည်။ စင်စစ် သည်အိမ်သို့ ရောက်လာကာ ယခုလို မော်တော်ကားအတိုက်ခံရခြင်းသည် မတော်တဆအဖြစ်ဟူ၍သာ ထင်နေမိသည်။

မျိုးထွန်းသိန်း၏ စိတ်ထဲမှာမူ တစ်မျိုးဖြစ်ပေသည်။ ဒေါ်ခေမာ သို့မဟုတ် ဒေါ်ခင်သန်းနွဲ့သည် သမီးရှိရာသို့ တမင်တကာလာခဲ့ခြင်းသာဖြစ်မည်ဟု အထင်ရှိနေပေသည်။ သူက နန်းကိန္နရီထံ လှမ်းကြည့်လိုက်သည်။ နန်းကိန္နရီကမူ ဘာမျှမသိသလို ဒေါ်ခေမာအား စိုးရိမ်ထိတ်လန့်သော အမူအရာဖြင့် ကြည့်နေခဲ့ပေသည်။ အမှန်တွင်လည်း နန်းကိန္နရီသည် မိခင်ဆိုသူအား များစွာ အမှတ်ထင်ထင် မြင်ဖူးခဲ့သည်မဟုတ်။ ကိုမောင်မောင်ဦး၏ အိမ်တွင် အမှတ်မထင်ဆိုသလိုသာ မြင်ဖူးခဲ့ခြင်း ဖြစ်လေသည်။

သမီးဖြစ်သူနှင့် မိခင်၊ မိခင်ဖြစ်သူနှင့် သမီးတို့ သူစိမ်းပြင်ပြင် ရှိနေရသည့်အဖြစ်ကိုကြည့်ကာ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်ထဲမှာ နာလာမိသည်။

"ဒီသီလရှင်ဟာ ဒေါ်ခင်သန်းနွဲ့ဖြစ်တဲ့အကြောင်း ရီ့ကို ပြောလိုက်ရကောင်းမလား မသိဘူး"

မျိုးထွန်းသိန်းက ဆိုသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးက တားသည်။

"နေပေစေဦး၊ မပြောလိုက်နဲ့ဦး"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီကားမှောက်စဉ်ကအဖြစ်အပျက်ကို သတိရကာ တားဆီးလိုက်သည်။ မည်သည့်နည်းနှင့်မဆို နန်းကိန္နရီသည် ဒေါ်ခင်သန်းနွဲ့ကို မိခင်အဖြစ် လိုလားလက်ခံမည်မဟုတ်ဟု သူ ယူဆသည်။

သူတို့သည် ဒေါ်ခေမာ၏အနီးသို့ ပြန်လာကြသည်။

ဒေါ်ခေမာသည် သတိပြန်လည်လာသည်။ စိတ်ကို ပြန်လည်စုစည်း၍ ရလာပုံပေါ်သည်။ မျက်လုံးဖွင့်ကြည့်သည်။

မြင်ကွင်းသည် မှုန်ဝါးနေရာမှ တစ်စထက်တစ်စ ကြည်လင်လာသည်။ မြူကဲ့သို့ဆိုင်းနေသောအရာများ လွင့်ပျောက်သွားရလေပြီ။ မိမိကိုယ်မိမိ ဘာဖြစ်ခဲ့သည်ဆိုခြင်းကို သတိရလာသည်။ အသည်းဆတ်ဆတ်ခါမျှ နာကျင်ရသောဝေဒနာကို ထိုအခါ၌ တိုး၍ခံစားရသည်ဟု ထင်သည်။ မောသည်။ ရင်ထဲမှာ တင်းကျပ်နေသည်။ အသက်ရှူမဝ။ လှုပ်၍ ရှား၍မရ။ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှာ လေးလံနေသည်။

မြင်ကွင်းအတွင်းသို့ဝင်လာသော မျက်နှာများကို ကြည့်မိသည်။ ကြည်လင်လာသည်ဆိုသော်လည်း လုံးလုံးလျားလျားမဟုတ်။ မပီသသောရုပ်ရှင်ကားမှ အရုပ်များသဖွယ် တရိပ်ရိပ် ဖြစ်နေသည်။ ယင်းတို့ကို သဲကွဲပီသအောင် မနည်းပင်ကြည့်ယူရသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရုပ်သွင်ကိုလည်း မြင်ရသည်။ မျိုးထွန်းသိန်းကိုလည်း တွေ့ရသည်။ နန်းကိန္နရီသည် သူတို့အပါးမှာရှိနေသည်ဟု ထင်သည်။ နောက်တော့ မသိသောမျက်နှာများ၊ စိမ်း၊ ဝါ၊ နီ၊ ပြာ စသော အရောင်တို့သည် ယှက်သန်းပြေးလွှားနေကြသည်။ အမြင်ကို ယင်းတို့က မကြာခဏ ဖုံးလွှမ်းပစ်လိုက်တတ်သည်။ ထို့နောက် သတိလစ်မတတ် ရှိရပြန်သည်။

အရာအားလုံးအနက် အတောင့်တမိဆုံး စကားလုံးသည် နှုတ်ခမ်းကို တိုး၍ထွက်သွားသည်။

"သမီး"

ဒေါ်ခေမာ၏အသံကြောင့် ဝိုင်းကြည့်နေသူတို့ အားတက်လာရသည်။

"သူ သတိရလာပြီ"

တစ်စုံတစ်ယောက်က ပြောလိုက်သည်။ ခေါ်သံကို ကြားရသော်လည်း များစွာမသဲကွဲ။ ပါးစပ်အနီးသို့ကပ်၍ နားထောင်ရသည်။

ဒေါ်ခေမာသည် "သမီး" ဟူသော စကားလုံးကို ထပ်၍ခေါ်မိသည်။

"သမီးတဲ့၊ သူ့သမီးကို တွေ့ချင်တယ်နဲ့တူပါတယ်။ ဖြစ်နိုင်ရင် ခေါ်ပေးလိုက်ရအောင်"

နွယ်နွယ်ထွန်းက ဆိုလိုက်သည်။ ပြီးလျှင် ဒေါ်ခေမာ၏ နားအနီးသို့ကပ်ကာ မေးရသည်။

"ဒေါ်ဒေါ်သမီးကဘယ်မှာလဲဟင်" မေးသည်။

"သမီး၊ တင်တင်ရီ"

သည်အသံကိုမူ နွယ်နွယ်ထွန်း အတော်ကလေး ပီသစွာ ကြားရသည်။ ဒေါ်ခေမာက နန်းကိန္နရီကို သူသိမှတ်မိသောအမည်ဖြင့် ခေါ်ခဲ့ခြင်းဖြစ်သည်။

"တင်တင်ရီ။ ဒေါ်ဒေါ်သမီး တင်တင်ရီက ဘယ်မှာ နေသလဲဟင်"

နွယ်နွယ်ထွန်းသည် နန်းကိန္နရီကို တင်တင်ရီ အမည်ဖြင့် ရင်းနှီးခြင်းမရှိချေ။ နန်းကိန္နရီဟူ၍သာ အများကနှုတ်ကျိုးနေရာ တင်တင်ရီဟူသည် နန်းကိန္နရီ၏အမည်ဖြစ်ကြောင်း ရုတ်တရက် သတိမရမိချေ။ သီလရှင်သည် ကယောင်ကတမ်းဖြင့် ယင်းအမည်ကို ခေါ်ဆိုလာခြင်းဖြစ်မည်ထင်နေသည်။

တင်တင်ရီဟူသောအမည်ကို ကြားရသည့်အခါ နန်းကိန္နရီသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အာရုံမှာ ဖျတ်ခနဲနိုးကြားလာသည်။ စောစောကတည်းကပင် သည်သီလရှင်ကို သင်္ကာမကင်းခဲ့။ မိမိအား စူးစိုက်ကြည့်လာသည့်အပေါ် သံသယဖြစ်ခဲ့မိသည်။ သည်ကြားမှ မိမိ၏ငယ်နာမည်ကို ခေါ်လာသောအခါ နန်းကိန္နရီသည် ပိုမိုစိတ်လှုပ်ရှားလာရလေသည်။ လူကြားထဲမှ တိုးထွက်လာကာ ဒေါ်ခေမာအပါးသို့ ကပ်လာခဲ့သည်။

သည်မှာ မျိုးထွန်းသိန်းက နန်းကိန္နရီ၏အပါးသို့ ကပ်ခဲ့သည်။ သူက ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို အကူအညီတောင်းသလို လှမ်းကြည့်လိုက်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးက ပြောချင်ပြောလိုက်တော့ဟူသောအမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်ခေမာတွင် အချိန်အနည်းငယ်သာ ကျန်တော့သည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး ထင်သည်။ မထူးတော့ပြီမို့ ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

"ရီ"

မျိုးထွန်းသိန်းက တုန်ယင်နေသောအသံဖြင့် ခေါ်လိုက်သည်။ နန်းကိန္နရီ သူ့မျက်နှာကို လှမ်းကြည့်သည်။

"ဒါ၊ ဒါတခြားသူမဟုတ်ဘူး။ ဒေါ်ခင်သန်းနွဲ့ ကိုယ်တိုင်ပဲ။ ရီ့ရဲ့အမေပဲ"

နန်းကိန္နရီက မျိုးထွန်းသိန်း၏စကားကို နားမလည်နိုင်သလို ရှိနေသည်။ သို့မဟုတ် မမျှော်လင့် မထင်မှတ်သောစကားကို မမျှော်လင့် မထင်မှတ်သောဖြစ်ရပ်နှင့်အတူ ပူးတွဲကြားလိုက်ရသည့်အတွက် အံ့အားသင့်ကာ ကြက်သေသေသလို ရှိနေသည်။

နန်းကိန္နရီသာမက ဒေါ်ရေနံ့သာခင်ခင်ကြီးမှအပ အခြားသူများသည်လည်း တအံ့တသြကြီး ဖြစ်သွားကြရသည်။

"ဒေါ်ခင်သန်းနွဲ့ ဟုတ်လား။ အစက ဒါကို ဘာလို့ မပြောတာလဲဟင်"

မျိုးထွန်းသိန်းက ထပ်မံရှင်းပြရသည်။

"ဟုတ်တယ်ရီ၊ ဒါ ရီ့ရဲ့အမေပဲ။ ဒေါ်ခင်သန်းနွဲ့ပဲ။ စောစောကတည်းက တွေ့ဖူးပါတယ် အောက်မေ့နေတာ။ အခုမှ သေချာသွားတာ"

နန်းကိန္နရီသည် ဒေါ်ခေမာနှင့် ပိုမိုနီးကပ်အောင် တိုးလာသည်။ ဒေါ်ခေမာ၏ ရှေ့တည့်တည့်၌ ထိုင်ချလိုက်သည်။ နန်းကိန္နရီ၏ရင်ထဲမှာ ပြင်းထန်စွာ တုန်လှုပ်နေသည်။ သို့နှင့်အမျှ တစ်ကိုယ်လုံးသည်လည်း တဆတ်ဆတ်တုန်မတတ် ဖြစ်နေသည်။ သူက ဒေါ်ခေမာ၏ကိုယ်ကို ပွေ့ယူလိုက်သည်။ မျက်နှာကို အသေအချာစိုက်ကြည့်သည်။

ဒေါ်ခေမာသည် နန်းကိန္နရီ၏မျက်နှာကို အသေအချာမြင်ရသည်။ ဝမ်းသာတက်ကြွသောသွင်ပြင်များ မျက်နှာ၌ ပေါ်လာသည်။

**ဆက်လက်ဖော်ပြပါမည်။**

"မျိုးထွန်းသိန်းက နန်းကိန္နရီ၏အပါးသို့ ကပ်ခဲ့သည်။ သူက ဒေါ်ရေနံ့သာခင်ခင်ကြီး၏မျက်နှာကို အကူအညီတောင်းသလို လှမ်းကြည့်လိုက်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးက ပြောချင်ပြောလိုက်တော့ဟူသောအမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်ခေမာတွင် အချိန်အနည်းငယ်သာ ကျန်တော့သည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး ထင်သည်။ မထူးတော့ပြီမို့ ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ "ရီ" မျိုးထွန်းသိန်းက တုန်ယင်နေသောအသံဖြင့် ခေါ်လိုက်သည်။ နန်းကိန္နရီ သူ့မျက်နှာကို လှမ်းကြည့်သည်။"ဒါ၊ ဒါတခြားသူမဟုတ်ဘူး။ ဒေါ်ခင်သန်းနွဲ့ ကိုယ်တိုင်ပဲ။ ရီရဲ့အမေပဲ" နန်းကိန္နရီက မျိုးထွန်းသိန်း၏စကားကို . . ."

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# MNL–2 ပြိုင်ပွဲတွင် မောရဝတီနှင့် ဒဂုံစတားယူနိုက်တက် သရေကျ

ရန်ကုန်    ဩဂုတ်    ၂၅

၂၀၂၂ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ဒုတိယနေ့ကို ဩဂုတ် ၂၅ ရက်တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း–၁ ၌ ကျင်းပရာ မောရဝတီအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် မောရဝတီကို ဂိုးမရှိသရေသာကစားနိုင်ခဲ့ပြီး ယခုရာသီ၏ ဒုတိယမြောက် သရေပွဲနှင့် ကြုံတွေ့ခဲ့သည်။ မောရဝတီအသင်းသည် ပြီးခဲ့သည့်ပွဲတွင် Junior Lions အသင်းကို ဂိုးပြတ်အရေးနိမ့်ထားသဖြင့် ယခုပွဲကို အားကုန်ထုတ်ကစားခဲ့ပြီး သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် လေးပွဲကစား ရှစ်မှတ်၊ မောရဝတီအသင်းသည် သုံးပွဲကစား လေးမှတ် ရရှိထားသည်။

ပွဲစဉ်(၄)နောက်ဆုံးနေ့အဖြစ် ဩဂုတ် ၂၆ ရက်တွင် တက္ကသိုလ်အသင်းနှင့် Junior Lions အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**




မောရဝတီနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

**❍ ကာရာဘောင်ဖလားမှ**

တစ်ပွဲဖြစ်ပြီး နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ စပါးအသင်း၊ မန်ယူအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့လည်း ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းနဲ့ လည်းကောင်း၊ ဝုလ်ဗာဟမ်တန်အသင်းက လိဒ်စ်အသင်းနဲ့ လည်းကောင်း၊ နယူးကာဆယ်အသင်းက ခရစ္စတယ်ပဲလေ့အသင်းနဲ့လည်းကောင်း၊ ဘုန်းမောက်အသင်းက အဲဗာတန်အသင်းနဲ့ လည်းကောင်း ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

လက်ရှိ ကာရာဘောင်ဖလားချန်ပီယံ လီဗာပူးအသင်းကတော့ လိဂ်ဝမ်းကလပ် ဒါဘီကောင်တီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပြီး လက်စတာစီးတီးအသင်းကတော့ နယူးပို့ကောင်တီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေကတော့ ဝက်စ်ဟမ်းအသင်းနဲ့ ဘလက်ဘန်းအသင်း၊ ဘန်လေအသင်းနဲ့ ခရော်လေအသင်း၊ ဘရစ္စတိုးစီးတီးအသင်းနဲ့ လင်ကိုးလ်အသင်း၊ စတီဗင်နေ့ဂျ်အသင်းနဲ့ ချာလ်တန်အသင်း၊ ဆောက်သမ်တန်အသင်းနဲ့ ရှက်ဖီးလ်အသင်း၊ ဘရန်းဖို့ဒ်အသင်းနဲ့ ဂီလ်လင်ဂမ်အသင်း စသဖြင့် ထိပ်တိုက်တွေ့ဆုံနေပြီး အဆိုပါကာရာဘောင်ဖလားတတိယအဆင့်ပွဲစဉ်တွေကို နိုဝင်ဘာ ၈ ရက်နဲ့ ၁၀ ရက်တို့မှာ ကျင်းပသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

**ငွေကြယ်**

**❂ MNL ပြိုင်ပွဲမှ**

တက်လှမ်းနိုင်ခဲ့သည်။ ယခုပွဲမှာ အဆင့် ၄ နေရာအတွက် အရေးပါသည့်ပွဲဖြစ်ပြီး အား/ကာသိပ္ပံအသင်းအနေဖြင့် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ပထမအကျော့အပြီးတွင် အဆင့် ၆ နေရာသာ ရပ်တည်နိုင်ခဲ့သည်။

ရတနာပုံအသင်းသည် လှိုင်းဘိုဘို၊ သက်နိုင်၊ မျိုးကိုထွန်း၊ ဇော်ရဲထွန်း၊ ရဲရင့်အောင် စသည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး အား/ကာသိပ္ပံအသင်းမှာလည်း လင်းထက်စိုး၊ ဇင်ရဲနောင်၊ ခင်ကျော်ဝင်း၊ ကြည်စိုး၊ ဇင်ညီညီအောင်(ဂိုး)တို့ ပါဝင်ခဲ့သည်။ လှိုင်းဘိုဘို ပြန်ပါလာပြီးနောက်ပိုင်း ရတနာပုံအသင်း၏ ကွင်းလယ်ကစားပုံ ကောင်းမွန်လာပြီး ယခုပွဲတွင်လည်း ပွဲစကတည်းက ကွင်းလယ်ကို ထိန်းချုပ်နိုင်ခဲ့သည်။

ပွဲအစ သုံးမိနစ်မှာပင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး ရဲရင့်အောင်၏ဖန်တီးပေးမှုမှတစ်ဆင့် သက်နိုင်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၃၁ မိနစ်တွင် သက်နိုင်၊ ၄၄ မိနစ်တွင် ရဲရင့်အောင်တို့က ဂိုးများထပ်မံသွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင်နေသည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲတွင် ပုံမှန်ခြေစွမ်း မပြသနိုင်ခဲ့သလို ပွဲအစတွင် ဂိုးပေးလိုက်ရခြင်းကြောင့်လည်း ရှုန်းကန်ခဲ့ရခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများစွာရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် ကြည်စိုးက သွင်းယူခဲ့သည်။

ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းက ၁၉ မှတ်၊ မြဝတီအသင်းက ၁၈ မှတ်၊ ရတနာပုံ၊ ရှောဝတီနှင့် အား/ကာ သိပ္ပံအသင်းတို့က ၁၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၁၁ မှတ်၊ မဟာယူနိုက်တက်အသင်းက ကိုးမှတ်၊ GFA အသင်းက ခြောက်မှတ်ရရှိထားကာ ရခိုင်အသင်းမှာမူ ကိုးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MNL**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၇၂)၊ (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အနက် ၈–လွှာ၊ တိုက်ကိုမျက်နှာမူလျှင်(ညာ)ဘက်၊ အကျယ်အဝန်း (၁၅ပေ x ၅၀ပေ)ရှိ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာပါရှိသော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဦးသိန်းထွန်း (၁၂/မဂတ(နိုင်)၀၇၉၄၉၀) ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းရတနာဆု(၁၂/မဂတ(နိုင်)၀၉၁၇၄၈) ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်ငြိမ်းရတနာဆု**
**[၁၂/ မဂတ (နိုင်) ၀၉၁၇၄၈]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**
**အမှတ်(၁၅)၊ ပထမထပ်၊ ၁၃၄–လမ်း၊**
**မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–5064959**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(နဝဒေးအိမ်ရာ)၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ (Block 2–A)၊ မြေကွက်အမှတ်(၆၈၃)၊ ဧရိယာ(၀.၁၄၇)ဧက၊ အလျား(၈၀)ပေx အနံ(၈၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ အာရှရွှေခြင်္သေ့ အပြည်ပြည်ဆိုင်ရာလီမိတက် (Company Registration No.(114566837) (၎င်း၏ကိုယ်စား လွှဲအပ်ညွှန်ကြားခြင်းခံရသူ ဒါရိုက်တာ ဒေါ်နန်းဝိုးဟွမ် [၁၃/တကန(နိုင်)၀၂၀၇၆၇]မှ တရားဝင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းဝေ[၁၃/လရန(နိုင်)၁၃၅၉၀၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မျိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၉၈၂)**
**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၉၂၈၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ (ဝါးတရာစက်မှုဇုန်)၊ မြေကွက်အမှတ်(၂၀၀+၂၀၈)၊ စက်ရုံလမ်း၊ (၂၃)ရပ်ကွက်၊ အကျယ်အဝန်း ဧရိယာ(၅.၉၀၄)ဧကရှိ Geforce Company Limited အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉) (ဝါးတရာစက်မှုဇုန်)၊ မြေကွက်အမှတ်(၁၉၉)၊ ဧရိယာ(၂.၀၀၃)ဧကရှိ ဒေါ်ကျောက်ချီဖုန်း [၁၃/တကန(နိုင်)၀၆၈၃၈၈] အမည်ပေါက် ပါမစ်မြေကွက်တို့အား Geforce Company Limitedမှ တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းကို Geforce Company Limited ၏ (၁၉–၈–၂၀၂၂)ရက်စွဲပါ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းအရ တာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာ ဦးရန်ရင်ဟိုက်မှ ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ (၁) ဒေါ်နီနီအေး [၁၃/ကခန(နိုင်)၀၅၃၆၉၇]နှင့် (၂) ဒေါ်တင်ဇာခိုင် [၉/မခန(နိုင်)၁၅၅၈၄၁] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မျိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၉၈၂)**
**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၉၂၈၆၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
## ပြည်ထောင်စုဝန်ကြီးရုံး
## ရုံးအမှတ် (၂၈)အတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)တွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) ရာထူး (၃) နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။ ဦးစွာပေးပို့လာသည့် လျှောက်လွှာ(၅၀)ကိုသာ လက်ခံမည်ဖြစ်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၁၅–၈–၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာတတ်ကျွမ်းသူ ဦးစားပေးမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပူးတွဲတင်ပြရမည်။
(၁) ကိုယ်ရေးမှတ်တမ်း
(၂) လွန်ခဲ့သော(၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ
(၃) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
(၄) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်(မိတ္တူ)
(၅) အခြားတတ်ကျွမ်းသည့် ဘာသာရပ်များအတွက် အောင်လက်မှတ်(မိတ္တူများ)
(၆) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)
(၇) လွန်ခဲ့သော တစ်လအတွင်းပြုလုပ်ထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ ကျေးရွာထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံစာ (မူရင်းများ)
(၈) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်(မိတ္တူ)
(၉) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ(မူရင်း)

၂။ လျှောက်လွှာများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ website ဖြစ်သော www.monrec.gov.mm ၌ ဝင်ရောက်လျှောက်လွှာပုံစံအား download ရယူနိုင်ပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)၊ နေပြည်တော်သို့ ၁၂–၉–၂၀၂၂ ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်သည်။

၃။ စာမေးပွဲဖြေဆိုခွင့် ခုံအမှတ်များကို ၁၆–၉–၂၀၂၂ ရက်(သောကြာနေ့)တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း၊ လျှောက်လွှာအရေအတွက် (၅၀)ထက်ကျော်လွန်သော်လည်းကောင်းလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို စစ်ဆေးမည်ဖြစ်ပြီး ၂၃–၉–၂၀၂၂ ရက်(သောကြာနေ့)တွင် နံနက် ၉:၃၀ နာရီမှ ၁၂:၀၀နာရီအထိ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၆။ လူတွေ့ဖြေဆိုခွင့် ရရှိသူများစာရင်းကို ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးချိန်အတွင်း ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်မူရင်း စသည်တို့ကို တင်ပြရမည်။

၇။ လူတွေ့ဖြေဆိုခွင့် ရရှိသူများအား လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းတို့ကို ၁၂–၁၀–၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀နာရီ ဆောင်ရွက်ပါမည်။

၈။ ရွေးချယ်ခြင်းခံရသူများသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)တွင် အနည်းဆုံး (၃)နှစ်တာဝန်ထမ်းဆောင်ရမည်။

၉။ အသေးစိတ်သိရှိလိုပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇–၄၀၅၀၇၂/၀၆၇–၄၀၅၃၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြောင်းတကာ သံမဏိစက်မှုဇုန်)၊ မြေကွက်အမှတ်(၆၄+၆၅)၊ ဧရိယာ(၄.၇၈၂)ဧက၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအမ်ဒင်းဂျာ [၁၂/မရက(နိုင်)၀၅၅၀၆၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းဝေ [၁၃/လရန(နိုင်)၁၃၅၉၀၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မျိုးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၈၂)**
**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၉၂၈၆၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉–ဝါးတစ်ရာစက်မှုဇုန်)၊ မြေကွက်အမှတ်(၆၈+၆၉)၊ ဧရိယာ(၇.၂၄၄)ဧကရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ CRYSTAL DIAMOND LIVESTOCK CO.,LTD.[၎င်း၏ကိုယ်စား ၂၃–၈–၂၀၂၂ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းအရ တရားဝင်လွှဲအပ်ညွှန်ကြားခြင်းခံရသူ ဦးကျုံထန်ဖောင် (ခ)ဦးနေဝင်းအောင် [၁၃/လရန(ဧည့်)၀၀၀၀၆၇]ဒါရိုက်တာထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော (၁)ဦးကျောင်ကျားချန်(ခ)ဦးဇော်ခိုင်မြင့် [၁၃/ကမန(နိုင်)၀၃၇၂၉၄]နှင့် (၂) ဒေါ်ကျောင်ကျားဖျင် (ခ) ဒေါ်အေးအေးခိုင် [၁၃/ကမန(နိုင်)၀၅၅၀၅၂] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေ၍ စရန်ပေးစာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မျိုးအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၈၂)**
**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၉၂၈၆၇၊ ၀၉–၇၉၉၈၀၇၆၇၅၈**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄) ရပ်ကွက်၊ သုမနလမ်း၊ တိုက်အမှတ် (၈၇၇/၈၈၀)၊ အခန်းအမှတ် (1-A)၊ ပထမထပ်၊ အကျယ်အဝန်း (၁၃၅၀) စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာ ဆောက်လုပ်၍ တရားဝင်အကျိုးခံစားခွင့်ရရှိသောအခန်းဖြစ်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးလှဝင်း (၁၂/ဗဟန(နိုင်)၀၈၉၈၁၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ခိုင်စန်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)

ဒေါ်နှင်းနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက်အမှတ် (၆၁)၊ အခန်းအမှတ် (၈၀၁)၊ ၈-လွှာ၊ အကျယ်အဝန်း (၁၄၆၀) စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ မြေအမည်ပေါက်ပိုင်ရှင် ဒေါ်နန်းခမ်းလူ (၁၃/လရန(နိုင်)၁၁၀၇၁၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ခိုင်စန်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)

ဒေါ်နှင်းနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် ၊ ခလောက်ချိုက်ကျေးရွာအုပ်စု ၊ကွင်း/အကွက်အမှတ်-၁၅၃/B ၊ ကွင်း/အကွက်အမည် ဝဲပြန်ကွင်း။ ဦးပိုင်လုပ်ကွက်အမှတ် -၄၂/၁၂၊ ဧရိယာ (၀ ·၇၂)ဧကရှိ လယ်မြေအမျိုးအစားမြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာတွံတေးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌါနရှိမြေစာရင်းမှတ်တမ်းတွင်ဒေါ်လဲ့ယဉ်ဝင်း (၇/ပမန(နိုင်)၁၆၈၃၈၃)အမည်ဖြင့်မှတ်သားတည်ရှိပြီး အဆိုပါလယ်မြေကွက်ကြီး၏တရားဝင်မခွဲမစိတ်ရသေးသည့်ဧရိယာ(၀· ၃၅)ဧကရှိ လယ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်လဲ့ယဉ်ဝင်းမှ မိမိပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်သဘော တူညီသည့်အတွက်ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါက ယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအဆိုပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုသဲမေ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)
ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်မြို့ တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၁၉၁)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-(၄/ဒီ)၊ လူနေရပ်ကွက် (-)၊ မြေကွက်အမှတ်-(III-၁၈)၊ ဧရိယာ(၀ ·၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် (၂) ခန်းတွဲ (၆)ထပ်တိုက်RCအဆောက်အဦအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံမြေစီမံခန့်ခွဲမှုဌါနရှိမြို့မြေစာရင်းမှတ်တမ်းတွင် ဦးကိုလေး(၁၂/တမန(နိုင်)၀၈၃၈၃၅)၊ ဦးဇော်ဝင်း (၁၂/တမန(နိုင်)၀၁၀၀၈၄)၊ဒေါ်သင်းသင်းမော် (၁၂/တမန(နိုင်)၀၁၀၀၆၈)တို့၏အမည်ဖြင့်မှတ်သားတည်ရှိပြီး ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူ ဦးကိုလေးကွယ်လွန်၍ ၎င်း၏ပိုင်ဆိုင်မှုအစုနှင့်မိမိတို့၏ ပိုင်ဆိုင်မှုအစုတို့အား ဦးဇော်ဝင်းနှင့် ဒေါ်သင်းသင်း မော် တို့မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်နှင့်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦရှိ(ယာဘက်)ခြမ်းအား ဦးစိုးလှိုင် (၁၂/ဥကတ(နိုင်)၀၇၅၈၅၀)မှ မိမိသာလျှင် ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း တို့ဝန်ခံပြောဆို၍ ရောင်းချ လိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေး ငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ) အဖြစ်ရောင်းချသူများထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအဆိုပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုသဲမေ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)
ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ အောင်မင်္ဂလာလမ်းသွယ် (၂)လမ်း၊ မြေကွက်အမှတ်(၅၈၂)၊ မြေအကျယ်အဝန်း (၄၀ပေ x၆၀ပေ)အနက်မှ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၅၈၃)နှင့် ကပ်လျက်ဘက်ခြမ်း မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်လှိုင် (ISN-၀၅၄၆၆၄) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်၏ မြေးဖြစ်သူ ဒေါ်သန္တာဝင်း [၁၂/မရက(နိုင်)၁၁၉၆၉၂]ထံမှ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]သည် "နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် (LL.B) (စဉ်-၁၁၄၀၆) တရားလွှတ်တော်ရှေ့နေ

ဒေါ်ကေကေနိုင်(LL.B) (စဉ်-၅၃၃၄၄) အထက်တန်းရှေ့နေ

အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဓမ္မရာဇာ (၃)လမ်း၊ အမှတ် (၆၆)၊ နှစ်ခန်းတွဲ RC (၆) ထပ်တိုက်မှ စတုတ္ထထပ်(၅-လွှာ)၊ (တိုက်မျက်နှာမူ လက်ဝဲဘက်အခန်း)၊ ဧရိယာ (၁၀၂၆)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်မေဝင်း [၁၂/အလန(နိုင်)၀၀၂၅၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်သီရိအောင် [၁၂/ဥကတ(နိုင်)၁၈၃၈၃၉]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သီရိအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**Ph-09-450023651,09-793568375**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City) သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၃၂) အခန်းအမှတ်(၀၀၁)၏ မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှမြိုင် [၁၁/တကန(နိုင်)၀၁၈၄၁၇]က ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ စာရွက်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည် ထုတ်ယူခွင့်ပြုပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၃၁)၊ အခန်းအမှတ်(၀၀၃)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန်ဟန် [၁၂/လမတ(နိုင်)၀၃၀၇၁၅]ထံမှတစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဦးနေမျိုးအောင် [၁၂/သဃက(နိုင်)၀၅၆၅၀၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင် စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (သံဒင်း) ၂၀ရပ်ကွက်၊ ဘိုကလေး(၁)လမ်း၊ မြေကွက်အမှတ်- ၆၅၀/၄၆၊ ဦးအုန်းညွန့် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ခေါင်းရင်းဘက်ခြမ်း အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်မှုဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူ၍ တရားဝင် လက်ရှိလုံးဝပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသူ ဦးစိုးတင့် [၁၂/လမန(နိုင်) ၀၇၂၀၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနှင်းဖဲ [၁၁/မပန(နိုင်)၀၉၁၇၃၅]က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါရောင်းချသည့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးနှင်းဖဲ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းမောင်မောင်သိန်း**
**LL.B, D.I.P.L, D.I.L, D.C.B.L (UK)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၈၇၄/၁၉)**
**အမှတ်(၇)၊ ပဏ္ဍိတလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၉၆၉၈၆၄၁၈၄**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေဓာဝီလမ်းမကြီး၊ အမှတ်-၃၀ နေ (ဘ) ဦးရှီးချုံ၏ သားဖြစ်သူ ဦးကျော်ရှိန် [၁၃/ကခန(နိုင်)၀၁၂၂၄၃] ကိုင်ဆောင်သူသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် (၂၇-၇-၂၀၂၂)ရက်နေ့က မှတ်ပုံတင်စာချုပ်အမှတ်-၅၈၄၇/၂၀၂၂ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

528 MARS

အထက်တွင် ကပ်နိုင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမှာ "MARS" ဟူသော အမှတ်တံဆိပ်ဖြစ်ပြီး၊ ယင်းကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ဖြတ်ကျောက် (Cutting Wheel)၊ ကတ်ဘရပ်(အပွ) (Wire Brush)၊ ကတ်ဘရပ်(အကျစ်) (Wire Brush)၊ ရေချိန် (Level (12 to 48 inches)၊ ပန်းကော်ပတ် (Flap Wheel)၊ ပလာယာ (Plier)၊ ကျောက်လှည့် (Scerw Driver)၊ ခဲဂေါက် (Lead Welding Gun)၊ ကော်ဂေါက် (Glue Gun)၊ ဝရိန်ဂေါက် (Welding Gun)၊ ဆီ/ရေ ဖျန်းခေါင်း (Spray Gun)၊ စတာပလာချုပ်စက် (Stapler Gun)၊ တူ (Hammer)၊ လွှကိုင်း (Hand Saw)၊ အယ်လ်ကီး (L Key)၊ ဂွရှင် (Adjustable Wrench)၊ ပေဘူး (Measuring Tape)၊ ကတ်ကြေး (Scissor)၊ တံခါးသော့ (Door Lock)၊ ဘတ်ထရီဂေါက် (Battery Gun)၊ တွန်းဓားရှီးရှီး (Knife) တို့ကို ထုတ်လုပ်ပြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေအသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ ဦးကျော်ရှိန်မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ကုမ္ပဏီစီးပွားရေးလုပ်ငန်းရှင်အချို့ကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ထိုသို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဦး [LL.B,LL.M,MRes(Law),D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် (၂၁)ဟုခေါ်တွင်သော တိုက်၏မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေx၅၀ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်သူ [၁၂/ဗဟန(နိုင်)၀၈၄၅၉၇]သည် မူလပိုင်ဆိုင်သူမြေရှင် ဒေါ်တင်တင်အုန်း [၁၂/တမန(နိုင်)၀၁၁၉၀၁]ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားစီမံခန့်ခွဲလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း[၁၂/တမန(နိုင်)၀၄၄၆၁၇]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်ရည်ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၀၂၀)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၂၄၇၉၉၆၅၊ ၀၉-၆၉၂၈၉၈၃၇၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## စမ်းချောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

| | | |
|---|---|---|
| ၁။ ဦးအောင်ဇော်လတ် | နှင့် | ၁။ ဦးချစ်စိန် |
| ၂။ ဒေါ်နှင်းဝေဝေမွန် | | ၂။ ဒေါ်မြစီ |
| (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ်ဒေါ်အေးမြတ်သူ) | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(မြောက်) ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၆)နေ (၁)တရားပြိုင် ဦးချစ်စိန်နှင့် (၂) တရားပြိုင် ဒေါ်မြစီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်၊ (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခိုင်ဖူးဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**စမ်းချောင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အိမ်အမှတ် (၉၀၃)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ခာတ်လှေကားပါ - ၂-ခန်းတွဲ (၈-ထပ်ခွဲ) တိုက်၏ အခန်းအမှတ်- (၇-ဘီ) (၇-လွှာ)၊ အကျယ်အဝန်း-(၁၀၂၈) စတုရန်းပေရှိ ရေ၊ လျှပ်စစ်မီးမော်တာ အပြည့်အစုံ တပ်ဆင်ထားသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ဝါဝါစိုး [၁၂/ဥကတ(နိုင်)၀၅၀၆၅၁]က ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိနေပြီး ပိုင်ရေးဆိုင်ခွင့် အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ အဆိုပါ တိုက်ခန်းအား မည်သူ့ကိုမဆို မိမိတစ်ဦးတည်း သဘောဖြင့် လွတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြီး အပြီး အပိုင် ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေကလည်း အပြီး အပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်အား ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂ သမိုင်း)၊ မြေကွက် အမှတ်-၅/က-၂/၁၊ မြေအမျိုးအစား-B-မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)၊ မြေဧရိယာ (၀.၀၃၆)ဧကရှိ ဒေါ်မြမြမိုး [၁၂/ကတတ(နိုင်)၀၁၀၆၃၆] အမည်ပေါက် မြေကွက် (၁)ကွက်၊

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂ သမိုင်း)၊ မြေကွက် အမှတ်-၄/က-၁/၁၊ မြေအမျိုးအစား-B-မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)၊ မြေဧရိယာ (၀.၀၆၄)ဧကရှိ ဒေါ်ခင်အေးဝင်း [၁၂/အလန(နိုင်)၀၃၆၈၅၇] အမည်ပေါက် မြေကွက် (၁)ကွက်နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂ သမိုင်း)၊ မြေကွက် အမှတ်-၃/င၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်၊ မြေဧရိယာ (၀.၀၉၁)ဧကရှိ ဦးကျော်ဝင်းအောင် [၁၂/ပဘတ(နိုင်)၀၂၄၅၈၇] အမည်ပေါက် မြေကွက်(၁)ကွက်၊ စုစုပေါင်း မြေကွက်(၃)ကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းသော မြေကွက်များဖြစ်ပါကြောင်း၊ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူများက မည်သူ့ကိုမဆို လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium ၊ အမှတ်(၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၁ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဦးကောင်း (ကျောက်မဲ)
### အသက်(၉၅)နှစ်

စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်(၃၉)နေ ဒေါ်ရွှေရင်း၏ခင်ပွန်း၊ ဦးရင်းရင်း၊ ဒေါ်စိန်စိန်ရင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးကောင်းသည် ၂၅-၈-၂၀၂၂ ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက်၈ နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်းကြည်
### အသက်(၈၈)နှစ်
### ပုသိမ်မြို့

ဦးစိုးမိုးလတ် (MD,Lin Min Thu Co.,Ltd)၏ ဖခင် ဦးအုန်းကြည် အသက် (၈၈)နှစ်သည် ၂၅-၈-၂၀၂၂ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လင်းမင်းသူကုမ္ပဏီမှ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်မင်း(ငြိမ်း)
### ရေ-၃၃၂၄၊ OTS(52)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းနေ ဒေါ်ခင်မျိုးကြူ၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်မင်း(ငြိမ်း)သည် ၂၄-၈-၂၀၂၂ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားအရာရှိသူငယ်ချင်းများ**
**OTS(52)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မေလှရှိန် (ခ) ဒေါ်မူမူဟန်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၇၆)နှစ်

ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ အရေပြားရောဂါပညာဌာနမှ ပါမောက္ခ (ဌာနမှူးတာဝန်) ပါမောက္ခ ဒေါက်တာမြတ်စန္ဒာကျော်၏ မိခင်ဖြစ်သူသည် ၂၂-၈-၂၀၂၂ ရက် နံနက် ၂:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။


**ပါမောက္ခဒေါက်တာအေးအေးခင်**
**ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၂) ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စီစီသိန်း
### အထက်တန်းပြဆရာမ(ငြိမ်း)
### အ.ထ.က(ရွှေတောင်)၊ အ.ထ.က(၂)လမ်းမတော်၊ အ.ထ.က(၂)စမ်းချောင်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၁၇) (ပထမထပ်)နေ ဦးတိုးလွင် (အ.ထ.က-ရွှေတောင်၊ စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းနာယက)၏ဇနီး ဒေါ်စီစီသိန်း (ရွှေတောင်မြို့နယ်အသင်းဝင်)သည် ၂၂-၈-၂၀၂၂ (တနင်္လာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)**


လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။




**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**


### ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးအုန်းကြည် (ပုသိမ်မြို့)
### အသက်(၈၈)နှစ်

ပုသိမ်မြို့၊ အိုးဘိုတန်းလမ်း၊ အမှတ် (၂၁)နေ (ဦးကျော်ဦး-ဒေါ်သန်းရင်)တို့၏သား၊ (ဦးမောင်ဟိန်း-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်ဝင်းဝင်း (ကုန်သွယ်လယ်ယာ-ငြိမ်း)၏ခင်ပွန်း၊ ဦးဇော်သက်ဦး၊ ဦးစိုးမိုးလတ်-ဒေါ်နန်းငြိမ်းငြိမ်းအောင်၊ ဦးဇော်သက်အောင်-ဒေါ်အေးအေးမာတို့၏ဖခင်၊ ချမ်းစုရွှေရည်၊ ချမ်းကေဇင်ဇော်၊ ဗညားပိုပို၊ လင်းအမရာတို့၏ အဘိုးသည် ၂၅-၈-၂၀၂၂ ရက် နံနက် ၇:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှကျော် (ဟသ်ာတမြို့)
### ညွှန်ကြားရေးမှူး (ငြိမ်း)
### အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၅၃၁-A)၊ အခန်းအမှတ်(၂၀၂)၊ မာလာမြိုင် Residence၊ မာလာမြိုင်ရိပ်သာလမ်းနေ ဒေါ်တင်တင်ငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝင်းစန္ဒာကျော်၏ဖခင်၊ မောင်ရဲခေါင်ကျော် (PWC–Myanmar)၏အဘိုးသည် ၂၅-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၆:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## DOLLY WARMINGTON @ ဒေါ်နုနုရီ
### အသက်(၇၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မြို့ပတ်လမ်းနေ (Mr.R.W. Warmington & Mrs. Betty Warmington) တို့၏ ချစ်လှစွာသောသမီးကြီး၊ အမှတ် (ဆ ၁၀/၂၅)၊ (၇၁)လမ်း၊ (၁၀၉)နှင့် (၁၁၀)ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ [ဦးရွှေလှဘော် (ရေဆင်းစိုက်ပျိုးရေး၊ လ/ထ မန်နေဂျာ)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်နွယ်နီလှိုင်-ဦးခွန်နောင်စိုး၊ ဦးဇော်မင်းလတ်-ဒေါ်ခင်မို့စံတို့၏ ချစ်လှစွာသောမိခင်၊ မောင်အံ့ဘုန်းမြတ်သော် @ Daniel ၏အဘွား၊ U.S.A, Illinolsပြည်နယ်နေ (Dr.C.Khai Ming)–Jessie Ming, (Jeffery Warmington @ ဆန်နီ-မကြူ)၊ (Alfred Warmington @ အံ့ကူ-မချိုချိုဝင်း)တို့၏ ချစ်လှစွာသောအစ်မကြီးသည် ၁၈-၈-၂၀၂၂ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးသိန်း
### Chief Engineer, IXORA–A Shipping Co.,Ltd
### အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ ( ဦးသိန်းတန်)-ဒေါ်ခင်ရှိန်တို့၏သား၊ တောင်ကြီးမြို့နေ ဦးတင်ဦး-ဒေါ်ကျင်မြတို့၏ သားသမက်၊ ဦးမြတ်ကိုကို-ဒေါ်ဝင်နီသိန်း၊ ဦးရှမ်းဝင်း-ဒေါ်နန်းသီတာလွင်တို့၏မောင်/ညီ၊ ဦးမျိုးရှိန်၊ ဦးမိုးကျော်ခမ်း-ဒေါ်စုစုခင်၊ ဒေါ်စီစီခင်၊ ဒေါ်တိုးတိုးခင်၊ ဦးဝင်းတင့်အောင်-ဒေါ်အေးအေးဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ (မြင်သာ) နံ့သာဖြူလမ်း၊ အမှတ်(၁၄၁/၁)နေ ဒေါ်သီသီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ နော်သိမ့်သော်တာစိုး၊ စောဇေလတ်နိုင်တို့၏ ကျေးဇူးရှင်ဖခင်သည် ၂၃-၈-၂၀၂၂ရက် မြန်မာစံတော်ချိန် ည ၁၀:၁၀ နာရီတွင် Gambia နိုင်ငံ၊ Banjul မြို့ ဆိပ်ကမ်း၌ တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားဈေး၊ ရုံအမှတ်(D) ၊ ဆိုင်ခန်းအမှတ် (၃၂) ဆိုင်ခန်းအမည်ပေါက် ဦးသူရမောင် [၁၂/မဂတ(ပြု)၀၀၁၄၀၈] ထံမှ ဒေါ်သိန်းရှင်(ခ)ဒေါ်အေးအေးနွယ် [၁/မညန(နိုင်)၀၈၆၆၁၂]က ဝယ်ယူထားပြီးဖြစ်ရာ ဒေါ်သိန်း ရှင်(ခ)ဒေါ်အေးအေးနွယ် အမည်သို့ ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားပြည့်စုံစွာဖြင့် လာရောက်နိုင်ကြောင်း အသိကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**သီရိရတနာလက်ကားဈေး**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဆန်း(အဖွားဆန်း-လုံးခင်း)
### အသက်(၁၀၇)နှစ်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ (ဦးမား-ဒေါ်စု)တို့၏သမီး၊ (ဦးဘိုးမှတ်)၏ဇနီး၊ (ဦးဘဇံ-ဒေါ်ချစ်)၊ (ဦးထွန်းကြည်-ဒေါ်ခင်စိန်)၊ (ဦးစိုးမြင့်-ဒေါ်ခင်ဥ)တို့၏မိခင်၊ ဦးမျိုးဆွေ-ဒေါ်ညွန့်ညွန့်၊ ဦးဝင်းမျိုးထွန်း၊ ဒေါ်လှလှမြင့်၊ ဦးတင်မောင်သန်း-ဒေါ်ပြုံးပြုံးထွန်း၊ ဒေါက်တာနန်းရှိန်-ဒေါ်မာမာအေး၊ ဒေါ်လှလှဦး၊ ဦးအောင်အောင်စိုး၊ ဦးညီညီစိုး-ဒေါ်သီတာထွန်း၊ ဒေါ်ဖြူပြာမြင့်၊ ဒေါ်လှလှဌေး၊ ဦးအောင်ကိုကို-ဒေါ်သန်းသန်းစိုးတို့၏အဘွား၊ မြစ် ရှစ်ယောက်၊ တီ ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အမှတ်(၁၀၆၂)၊ ပြည်ထောင်စု လမ်းမကြီးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးနေ မိတ်ဆွေ သင်္ဂဟအပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## (၆)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးအာကာထွန်းလှိုင်
### ဒါရိုက်တာ
### (၂၆-၈-၂၀၁၆- ၂၆-၈-၂၀၂၂)

မမျှော်လင့်ဘဲ မိသားစုနဲ့ ခွဲခွာသွားခဲ့သည်မှာ (၆)နှစ်ပြည့်သော်လည်း မိသားစုနှင့်ထပ်တူ ATT Co.,Ltd ဝန်ထမ်းများမှ လွမ်းဆွတ်သတိရလျက် နေ့စဉ်ပြုလုပ်သမျှ ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါသည်။
ရောက်ရှိရာ ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ....

**Ayeyarwaddy Treasure Trading Co.,Ltd မိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဇင်မာဝင်း
### (ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်/ စီမံဌာန)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စပွါယ်(၁)လမ်း၊ အမှတ်(၁၃)နေ (ဦးကျော်ညွန့်-ဒေါ်တင်)တို့၏ မြေး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွာသစ်ကြီးနေ (ဦးလှဒင်-ဒေါ်သန်းရင်)၊ (ဦးဝင်းတင်-ဒေါ်အေးအေး)တို့၏ သမီး၊ ဒေါ်ဝင်းသဇင်အေး၏ ညီမ၊ (မဖြိုးစန္ဒာဝင်း)၊ မတင်နီလာဝင်းတို့၏အစ်မ၊ (ဦးငွေဝင်း)၊ ဦးခင်မောင်၊ ဒေါ်အေးအေးမြင့်၊ ဦးတင်မောင်ဝင်း၊ ဦးတင်မောင်ငွေ၊ ဦးတင်အောင်မင်း၊ ဦးမျိုးသန်းတို့၏ တူမ၊ တူ/တူမ ခြောက်ယောက်တို့၏ ချစ်လှစွာသောကြီးကြီးသည် ၂၅-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ဂျပန်ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၇-၈-၂၀၂၂ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၂၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် အမှတ်(၁၃)၊ စပွါယ်(၁)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ် မြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးအောင်(ခ)ဦးမျိုးမြင့် (ပြည်)
### အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၂၅၉/၆၁)နေ Shwe Taung Buliding Materials Business Sector,Shwe Taung Cement Co.,Ltd မှ Chief Operating Officer ဦးကျော်နိုင်စိုး၏ ချစ်လှစွာသောဖခင် ဦးမျိုးအောင်(ခ)ဦးမျိုးမြင့်သည် ၂၂-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၂:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**CEO, COO (STBM, HTC, HTP) နှင့် ဝန်ထမ်းများ**
**Shwe Taung Buliding Materials Business Sector**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဏ္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၁၃၆)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးစိုင်းတစ်အောင် (နောင်တုံကုမ္ပဏီ) (ဘ) ဦးဟိုရီ [၁၃/ကတန(နိုင်)၀၁၃၃၄၆] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးစိုင်းတစ်အောင် (နောင်တုံကုမ္ပဏီ)ထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်၊ (၃၀၉၅/၂၀၂၂) (၂၁-၇-၂၀၂၂) ရရှိထားသူ ဦးမျိုးထက်အောင် (ဘ) ဦးချစ်အောင် [၈/ပခက(နိုင်)၁၄၀၄၅၈]မှ ဒေါ်သံလွင်သုအောင် (ဘ) ဦးချစ်အောင်[၈/ပခက(နိုင်)၁၈၇၈၅၉]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက် အမှတ်-၉၆၊ မြေကွက်တည်နေရာ အမှတ်(၉၆) ၊ (၁၂) ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ဧရိယာ (၀.၀၅၅) ဧက၊ နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးမောင်ကောင်း (G/RGN–008190) ကွယ်လွန်သဖြင့် လီလေးယုန်(ခ) ဒေါ်ခင်သန်းလွင် [၁၂/ဥကတ(နိုင်)၀၃၀၄၉၅] မှ တရားဝင် ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ သေစာရင်း ၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ် (၆၀) မြေငှားစာချုပ်ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူ မနေထိုင်ပါ။ သို့ဖြစ်ပါ၍ လီလေးယုန်(ခ)ဒေါ်ခင်သန်းလွင် [၁၂/ဥကတ(နိုင်)၀၃၀၄၉၅] မှ ပိုင်ဆိုင်/အရောင်း လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၂၀၆)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဦးစောမြင့်အောင် (ဘ) ဦးခွေး[၈/စလန(နိုင်)၀၁၂၂၅၇] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးစောမြင့်အောင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၇၈၂/၂၀၂၂)၊ (၂၂-၈-၂၀၂၂)ရရှိထားသူ ဒေါ်အေးအေးလှိုင်(ဘ) ဦးညိုထွန်းလှိုင် [၁၃/ကတန(နိုင်)၀၆၄၃၆၂]မှ ဒေါ်နုနုလှိုင် (ဘ)ဦးညိုထွန်းလှိုင် [၁၃/တကန(နိုင်)၁၅၄၆၉၁] နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိ တောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၃၅၃)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဒေါ်စန်းမြင့်မော် (ဘ) ဦးခင်မောင်မြင့် [၈/ပခက(နိုင်) ၀၀၂၇၅၄] အမည်ပေါက် (ပါမစ်)မြေကွက်ကို ဒေါ်မေစိုးသူ (ဘ) ဦးတင်ဝင်း[၁၂/အစန (နိုင်)၁၇၁၅၈၀]မှ မြေပေးမိန့် မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**


သင့်
သွေးဖြင့်
အသက် ကယ်ပါ

**ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော် ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော် ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၂၅

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳**


## စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား MRTV – HD၊ MRTV News Channel၊ MWD HD၊ MWD Variety၊ MITV၊ Skynet Up to Date၊ Channel – 9၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကာရာဘောင်ဖလားပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တွင် မန်စီးတီးက ချယ်လ်ဆီးကို အိမ်ရှင်အဖြစ် ဧည့်ခံကစားရမည်


၂၀၁၉ ခုနှစ် ကာရာဘောင်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းဟာ ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ တတိယအဆင့်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းကို အိမ်ကွင်း အီတီဟက်ဒ်၌ အိမ်ရှင်အဖြစ် ဧည့်ခံကစားရမှာဖြစ်တယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ ကာရာဘောင်ဖလားပွဲစဉ်ဟာ ပရီမီယာလိဂ်အသင်းအချင်းချင်း ထိပ်တိုက်တွေ့ဆုံနေတဲ့ ကာရာဘောင်ဖလား တတိယအဆင့် ပွဲစဉ်ခုနစ်ပွဲအနက်

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍**


ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံ အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## MNL ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲတွင် ရတနာပုံ အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၅

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၉) နောက်ဆုံးနေ့ကို ဩဂုတ် ၂၅ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရတနာပုံအသင်းသည် ပထမအကျော့ပြီးဆုံးခါနီးတွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိပြီး အဆင့်(၄)နေရာအထိ

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂**

**ယနေ့ ဖတ်စရာ**

**ရှင်ဇိုအာဘေး လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ဂျပန်အမျိုးသား ရဲတပ်ဖွဲ့အကြီးအကဲ ရာထူးမှ နုတ်ထွက်**

စာမျက်နှာ ၁၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၆၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦးတွေ့ရှိ**

စာမျက်နှာ ၁၇